# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ မိုးစပါးသီးနှံကဏ္ဍ ခြောက်သောင်းကျော် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေ



ပွင့်ဖြူ ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယခု ၂၀၂၂-၂၀၂၃ မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဇွန် ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း အဆိုပါ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ဒေသခံတောင်သူများ မိုးစပါးနဲ့ အခြားမိုးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ




**မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်** — ဆောင်းပါး စာ - ၆

**ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ** — ပြည်တွင်းသတင်း စာ - ၃

**မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သား/သမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များထောက်ပံ့** — ပြည်တွင်းသတင်း စာ - ၉

**တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံကြား လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲတော့မည်** — နိုင်ငံတကာသတင်း စာ - ၁၃

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မှတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၂



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်ခန်းမ၌ ပြုလုပ်ရာ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ကလေးမြို့မှ PDF အဖွဲ့ဝင် အမျိုးသမီး လေးဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားရှိရာ PDF အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ခြောက်ဦး စုစုပေါင်း ၇၀ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသော ကလေးအလုပ်သမားများပြဿနာအဖြေရှာ

မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ ၉ ရာခိုင်နှုန်း (၁ ဒသမ ၁ သန်းခန့်)သည် ကလေးလုပ်သားများဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းကောက်ယူခဲ့သည့် စစ်တမ်းတွင် ဖော်ပြထားသည်။ ယင်းအနက်မှ ထက်ဝက်ခန့်သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေကြခြင်းဖြစ်သည်ဟု ဆိုထားသည်။

ကလေးလုပ်သားဆိုသည်မှာ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများကို အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း၊ လုပ်ငန်းခွင်သို့ ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်၍ အလုပ်လုပ်ကိုင်ခြင်း၊ အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများတွင် လုပ်ကိုင်နေရခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤတွင် အဆိုးရွားဆုံးပုံစံဆိုသည်မှာ ကျွန်အဖြစ် ပုံစံဖွဲ့စည်းခြင်း သို့မဟုတ် ကျွန်ကဲ့သို့ လက်တွေ့ခိုင်းစေခြင်း ဥပမာအားဖြင့်- ကလေးများကို ကုန်ပစ္စည်းအဖြစ် ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ် ခိုင်းစေခြင်း၊ အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုပြီး ခိုင်းစေခြင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း သို့မဟုတ် ဖျော်ဖြေရန်အတွက် ပြည့်တန်ဆာအဖြစ် ကလေးများကို ဝယ်ယူစျေးပေးခြင်းဖြင့် အသုံးပြုခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းလုပ်ငန်းများတွင် ကလေးများကို အသုံးပြုခြင်း၊ ကလေးများအတွက် ဘေးအန္တရာယ်ရှိခြင်း သို့မဟုတ် ကိုယ်ကျင့်တရားကို ထိခိုက်စေခြင်း စသောအလုပ်များဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကလေးလုပ်သား ၁ ဒသမ ၁ သန်းခန့်တွင် ယောကျ်ားလေး ၀ ဒသမ ၆ သန်းနှင့် မိန်းကလေး ၀ ဒသမ ၅ သန်းတို့ ပါဝင်လျက်ရှိရာ နိုင်ငံ၏အခြေအနေအရ လက်ရှိကာလတွင်လည်း ယင်းထက် လျော့နည်းဖွယ်မရှိနိုင်ဟု ယူဆမိသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက် ILO Convention – 182 ကို လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်မှု အစီရင်ခံစာကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ILO သို့ တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံတွင် ကလေးလုပ်သားပပျောက်ရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ လေးနှစ်စီမံကိန်းတစ်ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မိမိတို့နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှ စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ၂၀၂၁ ခု နှစ်ဦးပိုင်းမှ စတင်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဒေသမတည်ငြိမ်မှုများက မြို့ပြဝင်ငွေနည်းမိသားစုများနှင့် ကျေးလက်မိသားစုများ၏ ရပ်တည်နေထိုင်မှုကို များစွာထိခိုက်စေပြီး ကလေးများကို ကလေးအလုပ်သမားများအဖြစ် လုပ်ငန်းခွင်များသို့ ရောက်ရှိသွားစေခဲ့သည်။

ကလေးအလုပ်သမားပြဿနာ၏ အခြေခံအကျဆုံးအကြောင်းရင်းမှာ မိသားစုဆင်းရဲနွမ်းပါးမှုဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုဟုဆိုရာတွင် မိဘတစ်ဦးဦးဖြစ်စေ၊ နှစ်ဦးလုံးဖြစ်စေ အရက်၊ မူးယစ်ဆေးဝါးစွဲနေခြင်း၊ လောင်းကစားသမားဖြစ်နေခြင်းနှင့် အသိဉာဏ်ပညာ လွန်စွာနိမ့်ကျနေခြင်းကဲ့သို့သော ချို့ယွင်းချက်များလည်း ပါဝင်နေလေ့ရှိရာ ကလေးအလုပ်သမားပြဿနာမှာ များစွာနက်ရှိုင်းလေ့ရှိသည်။ ကလေးအလုပ်သမားပြဿနာကို ဖြေရှင်းရာတွင် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ ကလေးမိဘ သို့မဟုတ် အုပ်ထိန်းသူ၊ အလုပ်ရှင်နှင့် လူမှုရေးအဖွဲ့အစည်းများအားလုံးက ပူးပေါင်းဖြေရှင်းနိုင်ရန် လိုအပ်သည်။ ကလေးအလုပ်သမားများအား ကျောင်းပြင်ပ ပညာရေးနှင့် သက်မွေးပညာရပ်များ ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ မိဘများ၏ အလုပ်အကိုင်အခက်အခဲများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် အသိပညာပေးရေးတို့ကို ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။




## ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေး အခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှု ဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**
စိုက်ပျိုးမွေးမြူရေး အခြေခံသော ဒေသစီးပွားရေး ဖွံ့ဖြိုးမှုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဈေးကွက်ဝင် ဈေးကောင်းရ တန်ဖိုးမြင့်သီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော နည်းပညာနှင့် အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် လိုအပ်ချက်များ ကူညီပေးနိုင်ရေး၊ ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော အခြောက်ခံစနစ်၊ သိုလှောင်ထိန်းသိမ်းနည်း၊ ကုန်ချောထုတ်လုပ်နည်းပညာများ အသုံးပြုနိုင်ရေးအပြင် စိတ်ဝင်စားသည့် ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးတို့ကို ချိတ်ဆက်ကူညီပေးသွားမည် ဖြစ်ကြောင်း၊ ဒေသ၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရာသီသီးနှံနှင့် သစ်သီးဝလံများအပြင် မြေပြန့်ကော်ဖီနှင့် ကိုကိုးသီးနှံကဲ့သို့သော နှစ်ရှည်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုပါက မြေယာအသုံးပြုခွင့်၊ မျိုးရရှိရေးနှင့် နည်းပညာအကူအညီများ ပေးအပ်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများကို လက်ဆောင်အဖြစ် ပေးအပ်ရာ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ကူညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၂၂**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **"ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ"** စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် ဇွန် ၂၂**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဝါးခယ်မမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဝမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ခနောင်ဖြူမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ကျောင်းကုန်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ လှည်းကူးမြို့တွင် ၂ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*❊ ရှေ့ဖုံးမှ*

ယခု ၁၅ ရက်နေ့ကစပြီး မဲဇလီရေလှောင်တမံကွဲဆည်မှ ဆည်ရေများကို စတင်ဖြန့်ဝေပေးနေပြီ ဖြစ်ပါတယ်။ စိုက်ပျိုးရေ ဖြန့်ဝေပေးတဲ့ စနစ်ကိုလည်း ဒေသခံတောင်သူတွေ စိုက်ပျိုးရေနဲ့ သီးနှံအောင်ရေအတွက် အဆင်ပြေစွာ ရယူသုံးစွဲနိုင်အောင် အဓိက ရေပေးဝေတဲ့ တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် ရေလက်တံမြောင်းတွေကို ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ ယခု မိုးစပါးနဲ့ အခြားမိုးသီးနှံအတွက် ဆည်ရေဖြန့်ဝေပေးခြင်းကို ဇွန် ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဆည်ရေဖြန့်ဝေပေးခြင်းနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းအတွက် အချိန်မီဆောင်ရွက်သွားနိုင်ဖို့နဲ့ ဆည်ရေ စနစ်တကျသုံးစွဲဖို့အတွက် ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိဦးရဲထွဋ်အောင်က ပြောပြသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် မဲဇလီရေလှောင်တမံကွဲဆည်မှ ဆည်ရေများကို ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ လုံလောက်စွာ ရယူသုံးစွဲနိုင်ရေး စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီတွင် ဒေသခံတောင်သူများက ဒေသတွင်း ဆန်စပါးစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုးစပါးသီးနှံ ၆၉၀၉၄ ဧက၊ ဆီထွက်သီးနှံ ၉၆၆၅ ဧက၊ ပဲမျိုးစုံ သီးနှံ ၅၉၉၁ ဧက၊ ချည်မျှင်ရှည်ဝါ ၂၄၄၉ ဧက၊ စားဖိုဆောင်သီးနှံ ၄၄၃၄ ဧက၊ အခြားပရဆေးပင်နှင့် ကျွဲနွားအစာ ၅၃၉၂ ဧက စုစုပေါင်း မိုးသီးနှံဧက ၉၇၀၂၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ မိုးသီးနှံစာရင်းအရ သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံနှင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေလှောင်တမံမှတစ်ဆင့် မဲဇလီရေလှောင်တမံကွဲဆည်သို့ ၂၀၂၂-၂၀၂၃ မိုးသီးနှံ လျာထားဧရိယာများအတွက် ဆည်ရေပေးဝေရာ၌ စိုက်ပျိုးရေလိုအပ်ချက်အရ ပေးဝေမည့် ဆည်ရေများကို မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်နိုင်သည့်အပြင် မဲဇလီဆည်ရေသောက် ဧရိယာများသို့ စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဇီးကုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တောင်သူများ လက်ဝယ်အရောက် ဆက်လက်ထုတ်ချေး

**ဇီးကုန်း ဇွန် ၂၂**
ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၆ ရက်မှစတင်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလက်ဝယ်အရောက် စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ဧကလျှင် တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ အတိုးနှုန်းအနေဖြင့် ငွေကျပ်တစ်ရာလျှင် တစ်နှစ် ငါးကျပ်နှုန်းဖြင့် သီးနှံပေါ်ချိန်သတ်မှတ်ကာလတွင် အရင်းအတိုးနှင့်တကွ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ဇီးကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၁ အုပ်စုမှ တောင်သူ ၄၃၁၃ ဦး၊ စိုက်ဧက ၃၀၀၀၀ အတွက် ငွေကျပ် ၄၅၀၀၀၀၀၀၀၀ အား ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်အထိ တောင်သူ ၁၄၄၀၊ စိုက်ဧက ၉၆၇၁ အတွက် ငွေကျပ် ၁၄၅၀၆၅၀၀၀၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဗိုလ်ရွေး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နှစ်ရှည်အရိပ်ရပင်ဖြစ်သည့် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးခဲ့ပြီး **(ယာပုံ)** ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၁၈၀၊ ကံ့ကော် ငါးပင်၊ မန်ကျည်း ၁၀ ပင်၊ တမာ ၁၀ ပင် စုစုပေါင်း ၂၀၅ ပင်ကို ပါဝင်စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အ.ထ.က (ခွဲ) ဗိုလ်ရွေးကျောင်းသို့ လှူဒါန်းသည့် ရေသန့်စက်နှင့် သန့်ရှင်းရေးသုံးပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများသည် နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန အနီးရှိ လျှိုပိတ်ဆည်အတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်နှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၂၀၀၀၀ ငါးမျိုး စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# IT Audit ဆောင်ရွက်နိုင်ရန်အတွက် Data Analysis သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် IT Audit ဆိုင်ရာ Data Analysis သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က အစိုးရဌာန၊ အဖွဲ့အစည်းများတွင် ငွေကြေးနှင့်စာရင်းဆောင်ရွက်မှုများ ပမာဏကြီးမားကျယ်ပြန့်လာပြီး စာရင်းရေးသွင်းမှတ်တမ်းတင်မှုများကို IT နည်းပညာ အသုံးပြုဆောင်ရွက်လာခြင်းနှင့် Manual ဖြင့် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မှုသည် လူအင်အားနှင့် အချိန်အကန့်အသတ်များရှိခြင်းတို့ကြောင့် IT နည်းပညာဖြင့် စစ်ဆေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးမှုများသည် လျင်မြန်စွာ တိုးတက်ဖြစ်ပေါ် ပြောင်းလဲလျက်ရှိပါကြောင်း၊ သို့ပါ၍ စာရင်းစစ်များအနေဖြင့် ခေတ်ကာလနှင့်အညီ IT အခြေခံများကို သိရှိနားလည်ပြီး နည်းပညာအသုံးပြု၍ ထိရောက်စွာစစ်ဆေးဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို မိမိတို့၏ ရုံးဌာနခွဲများတွင် ပြန်လည်သင်ကြားပို့ချပေးခြင်းနှင့် လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချခြင်းတို့ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အနာဂတ်တိုးတက်မှုအတွက် ကြိုးစား၍ အလေးနက်ထား သင်ယူကြစေလိုကြောင်း မှာကြားသည်။

သင်တန်းတွင် ရုံးချုပ်မှ ဝန်ထမ်း နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ထမ်း ၁၂ ဦး စုစုပေါင်း ၁၄ ဦးကို ဇွန် ၂၂ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယနေ့နံနက် ၁၀ နာရီတွင် စုပေါင်းခန်းမ၌ ကျင်းပခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# လောက်ကိုင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လောက်ကိုင် ဇွန် ၂၂**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ထင်ပါကျိုင်းကျေးရွာအုပ်စု ဆီအောကျေးရွာ ဆီအောနဂါးလိုဏ်ဂူ ဘုန်းတော်ကြီးကျောင်းဝင်း၌ ယနေ့နံနက်က ကျင်းပသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးအား စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောသစ်ပင် ထိန်းသိမ်းရေးဆောင်ပုဒ်များစိုက်ထူ၍ ရေသင်းဝင် ၂၀၀ ပင်၊ မဲဇလီ ၂၀၀၊ ယမနေ ၁၀၀ ပင် စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးကြောင်း သိရသည်။

**ရွှေစင်ဖြိုး (ပြန်/ဆက်)**



# နေပြည်တော် မီးသတ်ဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော် မီးသတ်ဦးစီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော် မီးသတ်ဦးစီးဌာနပိုင် မြေနေရာ၌ ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကျွန်းပင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက အရိပ်ရပင်များကို စိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေသည့် ဝန်ထမ်းများအား ကြည့်ရှုအားပေးသည်။ အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ပိတောက်၊ ယေနေ၊ ကုက္ကို၊ ယင်းမာနှင့် ယူကလစ်ပင် စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးပေးကြောင်း သိရသည်။



**ခင်ဇော်(မင်္ဂလာ)**

# နတ်တလင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နတ်တလင်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ထိန်သေးအုပ်စု ကြံတောစုကျေးရွာတွင် ကျင်းပသည်။



ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆင့်ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးအဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ကျွန်း ၁၅၀၊ မန်ကျန်ရှား ၁၅၀ စုစုပေါင်း သစ်ပင် ၃၀၀ စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး Terminal-1 ရှိ Mingalar Sky CIP ဧည့်ခန်းမ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့မှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ခံများအား တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနခွဲ၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ခံက နိုင်ငံတကာ လေကြောင်းလိုင်းများ ဝင်/ထွက် သွားလာမှု၊ ပြည်ပနိုင်ငံအသီးသီးမှ ခရီးသည်များ ဝင်ရောက်ထွက်ခွာမှု၊ ပြည်ပခရီးသည်များအား လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတာဝန်ခံက သီလဝါ၊ ရန်ကုန်နှင့် သန်လျင် ဆိပ်ကမ်းများ၌ နိုင်ငံတကာ သင်္ဘောများ ဝင်/ထွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ရှင်းလင်းသည်။

**သိရှိနားလည်ထား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသူများဖြစ်သည့်နှင့်အညီ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရန်နှင့် ဘာသာစကား တတ်ကျွမ်းကြရန် လိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရသော်လည်း နိုင်ငံတကာဥပဒေများကိုလည်း သိရှိနားလည်ထားရန် လိုကြောင်း၊ နိုင်ငံခြားသား ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြိုပမ်းဖော်ဆောင်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် နည်းပညာများ တတ်ကျွမ်းကြရန်လိုကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် Online စနစ် eVisa လုပ်ငန်းနှင့် eVisa (ကမ္ဘာလှည့်) တို့ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ခရီးသည်များ ဝင်/ထွက် သွားလာမှုများပြားလာပြီး လေဆိပ်/ ဆိပ်ကမ်းနှင့်နယ်စပ် ဝင်ထွက်ပေါက်များ၌ လူဝင်မှုစစ်ဆေးရေး လုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Terminal-1 ပြည်ပဆိုက်ရောက်၌ ပြည်ပလေကြောင်းလိုင်းဖြင့် ဝင်ရောက်လာကြသည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ လူဝင်မှုစစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှု၊ Over Stay Counter နှင့် ဌာန၏ Server ခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပထွက်ခွာခရီးသည်များအား လူဝင်မှုစစ်ဆေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရသည့် လုပ်ငန်းအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်း နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၂**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ အဖွဲ့ဝင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**အထူးအလေးထား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို အနှစ်သာရ ပီပြင်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းထားကြောင်း၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီကို ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးကာ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျွေးမွေးဧည့်ခံရေးအနေဖြင့် ပြိုင်ပွဲကျင်းပစဉ် တစ်လျှောက် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား နေ့စဉ်ကျွေးမွေးဧည့်ခံသွားမည်ဖြစ်သဖြင့် အစားအစာ သန့်ရှင်းလတ်ဆတ်ရေး၊ အစာအဆိပ်သင့်မှု မဖြစ်ပေါ်စေရေး၊ ပြည့်စုံလုံလောက်မှုရှိရေးနှင့် ပိုးမွှားများ ကင်းရှင်းရေးတို့ကိုပါ အထူးအလေးထား ဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**အားလုံးဝိုင်းဝန်းပူးပေါင်း**

ကျွေးမွေးဧည့်ခံရေးတွင် ဝန်ဆောင်မှုပေးရသည့် ဝန်ထမ်းများ၏ ဝတ်စားဆင်ယင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်အတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး ချို့ယွင်းအားနည်းမှုများ မရှိစေရန် ဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အစားအစာများကို ပြိုင်ပွဲမကျင်းပမီ အချိန်နှင့် ပြိုင်ပွဲကာလအတွင်း ကျွေးမွေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ သန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် စနစ်တကျ စစ်ဆေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆက်စပ်ဝန်ကြီးဌာနများဖြင့် ပေါင်းစပ်ကာ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေး ပြောကြားပြီး၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကာ ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်က အသေးစိတ်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဆပ်ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ

**သီပေါ ဇွန် ၂၂**

အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမှတ် (၁) ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပရဝဏ်အတွင်း ကျင်းပရာ ကျောက်မဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး လွင်ဘုန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများ၊ ယဉ်ကျေးမှုအဖွဲ့များအား ပျိုးပင်များ ပေးအပ်ပြီး သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းစိုက်ပျိုးကြသည်။

ယခုနှစ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် နှစ်ပေအထက်ရှိ ရတနာတန်းဝင် ကျွန်း၊ တမလန်း၊ မဟော်ဂနီ၊ ခါတော်မီ၊ ချယ်ရီ၊ မဲဇလီနှင့် သစ်ပင်ပန်းမန် စုစုပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်

❑ မောင်သင်းပျို့

**မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော လူသားမျိုးနွယ်အားလုံးကို ယခုအခါ ပိုမိုခြိမ်းခြောက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ ကြီးထွားလာမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းဂိုဏ်းအဖွဲ့များက ကွန်ရက်ချဲ့ထွင်၍ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှုနှင့် ငွေကြေးခဝါချမှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ပိုမိုကျူးလွန်လာမှုတို့သည် နိုင်ငံတိုင်း၏ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းအေးချမ်းတည်ငြိမ်မှုတို့ကို ထိခိုက်နေသည်။**



ဘိန်းခင်းဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

**❂ ၁၉၀၆ ခုနှစ်တွင် အမေရိကန်သမားတော်များအသင်းက ဟီးရိုးအင်းကို မော်ဖိန်းအစား အသုံးပြုနိုင်ကြောင်း ထောက်ခံခဲ့လေသည်။ ဟီးရိုးအင်းကို အကန့်အသတ်မရှိ သုံးစွဲခွင့်ပြုထားသည့်အတွက် ထိုဆေးဝါးကို အလွဲသုံးသည့် ပြဿနာများပေါ်ပေါက်လာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဟီးရိုးအင်းစွဲသူပေါင်း နှစ်သိန်းရှိခဲ့ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ခန့်မှန်းခဲ့သည်။ ရာဇဝတ်မှု အမျိုးမျိုးဖြင့် ဖမ်းဆီးခြင်းခံရသည့် ဆေးမှီဝဲသူများအနက် ၉၄ ရာခိုင်နှုန်းသည် ဘိန်းဖြူသုံးစွဲသူများဖြစ်ကြောင်း အစီရင်ခံခဲ့သည်**

မူးယစ်ဆေးဝါးတွင် ဘိန်းကို ကမ္ဘာ့နိုင်ငံများ လက်တွဲ၍ ပူးပေါင်းတားဆီးကာကွယ်နေစဉ် စိတ်ကြွရူးသွပ်ဆေးပြားသည် လူတန်းစားမရွေးသုံးစွဲနိုင်သော အဆင့်သို့ ထုတ်လုပ်ဖြန့်ချိလာသောကြောင့် အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် အခက်အခဲအတားအဆီးများစွာ ရင်ဆိုင်လာရသည့်နည်းတူ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့်လည်း တစ်ပူပေါ် နှစ်ပူဆင့်သည့်ပမာ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသွင်တစ်ရပ်အနေဖြင့် တားဆီးကာကွယ်နှိမ်နင်းနေရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးတွင် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတကာ၊ အိမ်နီးချင်းနိုင်ငံများနှင့် အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စွမ်းအားပြည့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် တစ်ချိန်တွင် မြန်မာ့မြေပေါ်၌ မူးယစ်ဆေးဝါးသည် 'နေလာ၍ နှင်းကွဲ'သည့်ပမာ မူးယစ်ကင်းစင်သော နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများအလယ်တွင် ဂုဏ်ယူဖွယ် တွေ့မြင်ရမည်ဖြစ်သည်။

## ဘိန်းဟူသော ဝေါဟာရနှင့် ဘိန်းပင်၏ မူလဇာတိ

မူးယစ်ဆေးဝါး၏ ပင်ရင်းဖြစ်သည့် "ဘိန်း" ဟူသော ဝေါဟာရသည် မြန်မာဝေါဟာရမဟုတ်ဘဲ မူလဇာတိဒေသဖြစ်သော ဥရောပတိုက်မြေထဲပင်လယ်အာရှမိုင်းနားဒေသတွင် အိဖွန်ဟုခေါ်ဆို၍ ယင်းကို အိန္ဒိယဘာသာစကားဖြင့် 'အဖိန်း' ဟု ခေါ်ဆိုရာမှ မွန်မြန်မာဘာသာဖြင့် 'ဘိန်း' ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘိန်းပင် စတင်ပေါ်ပေါက်သော မူလဒေသသည် ဥရောပအရှေ့ပိုင်းမြေထဲပင်လယ်ဒေသတစ်ဝိုက်၊ ဥရောပတောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတို့ဖြစ်သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၄၀၀ ခန့်မှစ၍ ဥရောပအလယ်ပိုင်း တိုက်ဂရစ်မြစ်ဝှမ်းဒေသ၊ မက်ဆိုပိုတေးမီးယားဒေသ လူမျိုးများ၏ ကျူနီဖောင်းအက္ခရာဖြင့် ရေးသားထားသည့် ပရဆေးပင်များစာရင်းတွင် ဘိန်းပင်အကြောင်းနှင့် ဘိန်း၏ဂုဏ်သတ္တိကို ဖော်ပြခဲ့သည်။

ဆူမေရီးယန်း လူမျိုးများသည် ဘိန်းပင်ကို ပျော်ရွှင်မှုအပင်(Hulgai)ဟု ခေါ်ဆိုကြသည်။ ၉ ရာစုနှစ်ခန့်တွင် အာရပ်လူမျိုး သမားတော်ကြီးများသည် ဘိန်းကို ဆေးဝါးကုသရာတွင် စတင်အသုံးပြုခဲ့ကြသည်။ ဥရောပအလယ်ပိုင်းတွင်ရှိသော ဘိန်းစိုက်ပျိုးရေးလုပ်ငန်းသည် အာရပ်ကုန်သည်များမှ တစ်ဆင့် အာရှနှင့်အရှေ့ဖျားနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့သည်။ ၁၆ ရာစုခန့်တွင် အာရှတိုက်ဒေသသို့ ဥရောပမှ ဗာစကိုဒဂါးမား (Vasco da Gama) ကဲ့သို့ ပင်လယ်ရပ်ခြား စွန့်စားသွားလာသည့် အာရပ်နှင့်ပေါ်တူဂီကုန်သည်များ အိန္ဒိယနိုင်ငံသို့ကူးသန်းရာမှ ဘိန်းမျိုးစေ့နှင့် ဘိန်းစိုက်ပျိုးမှုသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် စတင်ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

## ဟီးရိုးအင်း ခေါ် ဘိန်းဖြူ ဖြစ်ပေါ်လာ

ခရစ်တော်မပေါ်မီ နှစ် ၁၀၀၀ ခန့်က သမားတော်များသည် ဘိန်းကို အဖိုးတန်ဆေးဝါးတစ်ခုအဖြစ် သုံးစွဲခဲ့ကြသည်။ ဂရိနှင့် ရောမခေတ်တို့တွင်လည်း ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြသည်။ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း ၁၀၀၀ အတွင်း၌ ဘိန်းသည် မူရင်းဒေသဖြစ်သော မြေထဲပင်လယ်ဝန်းကျင်ဒေသမှ အရှေ့ဘက်အိန္ဒိယနှင့် တရုတ်ပြည်သို့ ပျံ့နှံ့သွားခဲ့သည်။

ထိုအချိန်မှစ၍ သမားတော်တို့က ဘိန်းကို ဆေးဝါးအဖြစ် ဆက်လက်သုံးစွဲခဲ့ရာ ၁၈ နှင့် ၁၉ ရာစုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် ဘိန်းပါသော ဆေးဝါးများသည် ခေါင်းကိုက်၊ အအေးမိ စသည့် ရောဂါ ဝေဒနာများအတွက် လူသုံးများသောဆေးဝါးဖြစ်လာခဲ့သည်။ သမားတော်များသည် ဘိန်းကို ဆေးဝါးအဖြစ် နှစ်ပေါင်း ၄၀၀၀ ခန့် ပုံစံအမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြပြီး ၁၈၀၅ ခုနှစ်တွင် ဆေးသိပ္ပံလောက၌ ဘိန်းမှ မော်ဖိန်းကို စတင်ထုတ်လုပ်နိုင်ခဲ့သည်။ မော်ဖိန်းကို အကိုက်အခဲဝေဒနာအတွက် စားဆေးအဖြစ် သမားတော်တို့က အသုံးပြုခဲ့ကြသည်။ ၁၈၅၈ ခုနှစ်တွင် အမေရိကန်သမားတော်နှစ်ဦးက မော်ဖိန်းကို ထိုးဆေးအဖြစ် စတင်စမ်းသပ်ခဲ့သည်။ ၁၉ ရာစုအတွင်း၌ မော်ဖိန်းကို ထိုးဆေးအဖြစ် အသုံးပြုနိုင်ရန် တစ်ဆင့်ပြီး တစ်ဆင့် စမ်းသပ်ခဲ့ကြသည်။ သို့ရာတွင် ဘိန်းနှင့် မော်ဖိန်းဆေးဝါးများ အသုံးများလာသည်နှင့်အမျှ ထိုးဆေးကို သုံးစွဲရာ၌ ဆိုးကျိုးများလည်း ပြန့်ပွားလာခဲ့သည်။ အကိုက်အခဲလည်းပျောက်နိုင်ပြီး စွဲလည်းမစွဲနိုင်သော ဆေးဝါးကို ရှာဖွေခဲ့ကြရာမှ 'ဟီးရိုးအင်း' ခေါ် ဘိန်းဖြူပေါ်လာခြင်းဖြစ်သည်။

## ဟီးရိုးအင်းထုတ်လုပ်မှုကို တင်းကျပ်စွာတားမြစ်

၁၈၇၄ ခုနှစ်တွင် အင်္ဂလိပ်သုတေသီ စီအာရိုက် ဆိုသူက မော်ဖိန်းနှင့် အက်စစ်တစ်အင် ဟိုက်ဒရိုက်ကို ဖျော်၍ နာရီပေါင်းများစွာကျိုကြည့်ရာ Diacetyl morphine ခေါ် ဟီးရိုးအင်းဓာတ်ပေါင်းကို ကနဦးရရှိခဲ့သည်။ ထိုဟီးရိုးအင်းဓာတ်ပေါင်းကို တိရစ္ဆာန်ဖြင့် စမ်းသပ်ခဲ့ရာ ဆက်လက်စမ်းသပ်ခြင်းမပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ နှစ်ပေါင်း ၂၀ ကြာသောအခါ ထိုဟီးရိုးအင်းဓာတ်ပေါင်း (ဒိုင်ဆက်တယ်မော်ဖိန်း) ကို ဂျာမန်ဆေးပါရဂူတစ်ဦးက ချောင်းဆိုး၊ ပန်းနာ၊ လည်ချောင်းနာ ရောဂါတို့အတွက် ထက်မြက်သော ဆေးဝါးဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

ထို့ကြောင့် ဂျာမနီနိုင်ငံ ဇေယျာဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက အဆိုပါ ဒိုင်ဆက်တယ် မော်ဖိန်းကို 'ဟီးရိုးအင်း' ဟု အမည်ပေး၍ ထုတ်လုပ်ရောင်းချခဲ့သည်။ ထိုအချိန်တွင် ကမ္ဘာ့အရပ်ရပ်မှ သမားတော်တို့က မစွဲလမ်းစေတတ်သော ကိုးဆယ့်ခြောက်ပါးဝေဒနာ ပျောက်ကင်းသည့် ဆေးဝါးအဖြစ် အသုံးပြုခဲ့ရာ ကမ္ဘာတွင် လူကြိုက်အများဆုံးဆေးဝါးတစ်ခု ဖြစ်လာခဲ့သည်။

၁၉၀၆ ခုနှစ်တွင် အမေရိကန်သမားတော်များအသင်းက ဟီးရိုးအင်းကို မော်ဖိန်းအစား အသုံးပြုနိုင်ကြောင်း ထောက်ခံခဲ့လေသည်။ ဟီးရိုးအင်းကို အကန့်အသတ်မရှိ သုံးစွဲခွင့်ပြုထားသည့်အတွက် ထိုဆေးဝါးကို အလွဲသုံးသည့်ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဟီးရိုးအင်းစွဲသူပေါင်း နှစ်သိန်းရှိခဲ့ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ခန့်မှန်းခဲ့သည်။ ရာဇဝတ်မှုအမျိုးမျိုးဖြင့် ဖမ်းဆီးခြင်းခံရသည့် ဆေးမှီဝဲသူများအနက် ၉၄ ရာခိုင်နှုန်းသည်ဘိန်းဖြူသုံးစွဲသူများဖြစ်ကြောင်း အစီရင်ခံခဲ့သည်။

၁၉၂၄ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်က ဟီးရိုးအင်း တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းကို ဥပဒေဖြင့် ပိတ်ပင်ခဲ့သည်။ နိုင်ငံတကာမှ သမားတော်တို့ကလည်း ဟီးရိုးအင်း၏ အန္တရာယ်ကြီးမားပုံကို အသိအမှတ်ပြုလာကြကာ နိုင်ငံပေါင်းချုပ်အသင်းအနေဖြင့် ဟီးရိုးအင်းထုတ်လုပ်မှုကို တင်းကျပ်စွာ ကန့်သတ်ရန် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် အလားတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဟီးရိုးအင်းကို ဆေးဝါးအဖြစ်နှင့် သိပ္ပံဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုခြင်းမှအပ အခြားမည်သည့်အကြောင်းနှင့်မျှ မထုတ်လုပ်ရန် သဘောတူညီခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**မြန်မာနိုင်ငံသို့ ဘိန်းရောက်ရှိလာပုံ**

ရှေးမင်းများလက်ထက် ၁၅၁၅ ခုနှစ် တောင်ငူခေတ်တွင် နိုင်ငံခြားသား ပေါ်တူဂီများ မြန်မာနိုင်ငံ မုတ္တမမြို့သို့ ရောက်ရှိခဲ့ကြသည်။ အေဒီ ၁၅၈၀ ခန့်က ပုသိမ်ဆိပ်ကမ်းမြို့သို့ အိန္ဒိယမှ သယ်ဆောင်လာသော ဘိန်းနှင့် အာရပ်ကုန်သည်များ သန်လျင်ဆိပ်ကမ်းသို့ သယ်ဆောင်လာသော ဘိန်းများ စတင်ရောက်ရှိခဲ့ကြောင်း အင်္ဂလိပ်လူမျိုး ဂျွန်ပင်ကာလ်တန်က ခရီးသွားမှတ်တမ်း ထားရှိခဲ့သည်။ ၁၅၈၀ ပြည့်နှစ်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့သား ဆီဇာဖက်ဒရစ်သည် မြန်မာပြည်သို့အလည် ရောက်ရှိစဉ် ပဲခူးမြို့၌ ဘိန်းအရောင်းအဝယ်လုပ်ခဲ့ကြောင်း မှတ်တမ်းရေးခဲ့သည်။

အိန္ဒိယအနောက် ကမ်းရိုးတန်းရှိ ကန်ဘေမြို့(Cambay)မှ ဘိန်းများကို နှစ်ကြိမ်တိုင် ပဲခူးမြို့တွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ ၁၆၁၃ ခုနှစ် ဒတ်ချ်ကုမ္ပဏီမှတ်တမ်းတွင် မလ္လကာမြို့၌ ဘိန်းပေါင်ချိန် ၂၀၀ နှစ်စဉ်ရောင်းချခဲ့ပြီး ထိုဘိန်းများကို ယိုးဒယား(ထိုင်း) နိုင်ငံသို့ ဟံသာဝတီ(ပဲခူး)မှတစ်ဆင့် ယူဆောင်၍ ရောင်းချခဲ့သည်။ တိုင်းတစ်ပါးသားတို့သည် သင်္ဘောဆိပ်မြို့များဖြစ်သော ဟံသာဝတီ၊ ဒလဝတီ၊ ရမ္မာဝတီ၊ ဒွာရဝတီ၊ မေဃဝတီမြို့ဆိပ်ကမ်းများသို့ ဘိန်း၊ ဘင်း၊ မူးယစ်ပစ္စည်းများ သယ်ဆောင်၍ ထိုမှတစ်ဆင့် အမရပူရမြို့သို့ ရောက်ရှိခဲ့သည်။

**လိုင်စင်ရဘိန်းခန်းများဖွင့်လှစ်ခဲ့**

၁၈၂၆ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို နယ်ချဲ့ဗြိတိသျှတို့က သိမ်းယူခဲ့သည်။ ထို့နောက် ဗြိတိသျှတို့သည် ရခိုင်နှင့် တနင်္သာရီသို့ သင်္ဘောဖြင့် ဘိန်းများကို တင်သွင်းခဲ့သည်။ မြန်မာတိုင်းရင်းသားများ ဘိန်းမရှူတတ်၊ မစားတတ်သောကြောင့် အခမဲ့ပေး၍ ဖြန့်ဝေခြင်း၊ ရှူပုံရှူနည်းပြသခြင်းဖြင့် ရခိုင်တွင် လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ပေးခဲ့ရာ လိုင်စင်စီရရှိသူများမှာ တရုတ်နှင့် ဘင်္ဂလီများဖြစ်သည်။ ဘိန်းခန်းများ ဖွင့်လှစ်ခွင့်ပြုသောအခါ ရခိုင်ပြည်နယ်အတွင်း၌ ဘိန်းရှူဘိန်းစားခြင်းများ ပြန့်ပွားလာခဲ့သည်။ ထိုအခါ ရခိုင်ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူတို့က ဘိန်းခန်းများ ထပ်မဖွင့်ရန် မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဗြိတိသျှတို့သည် မြန်မာနိုင်ငံသို့ ပုံစံအမျိုးမျိုးဖြင့် ဘိန်းကို တင်သွင်းခဲ့ရာ မြန်မာတို့အား ဘိန်းစွဲစေခဲ့ပြီး နယ်ချဲ့ကို တော်လှန်လိုသောစိတ်များ အားနည်းမှုဖြင့် အင်္ဂလိပ်တို့ နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ရေးကို အထောက်အကူဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းပိုက်ပြီးနောက် ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့်သုံးစွဲခြင်း အလေ့အထတို့ ပေါ်ပေါက်လာခဲ့သည်။ ကချင်တောင်တန်းတို့တွင် တရားဝင် ဘိန်းစိုက်ခွင့်ပြုခဲ့ပြီး ဘိန်းခန်းဖွင့်၍ ဘိန်းရှူခြင်းကို မှတ်ပုံတင်ဖြင့် ခွင့်ပြုခဲ့သည်။ အာသံပြည်နယ်မှ ဘိန်းမျိုးစေ့များသည် မြန်မာပြည်မြောက်ပိုင်း ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသများသို့ ရောက်ရှိလာရာမှ ဘိန်းခင်းများ စတင်ပြန့်ပွားလာခဲ့သည်။ သံလွင်မြစ် အရှေ့ဘက်ကမ်းတွင် ဘိန်းကို တရားဝင်စိုက်ပျိုးခွင့်ပေးခဲ့သည်။

ဗြိတိသျှအစိုးရက ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်းကို ကိုယ်တိုင်ပြုလုပ်ပြီး ဘိန်းဆိုင်ပေါင်း ၂၁၆ ဆိုင် ဖွင့်လှစ်ခဲ့သည်။ ဘိန်းရှူသူနှင့် စားသုံးသူတို့ကို တရားဝင်မှတ်ပုံတင်စနစ်ဖြင့် ရောင်းချခဲ့သည်။ ထိုသို့ကျင့်သုံးသကဲ့သို့ အခြားမူးယစ်ဆေးဝါးဖြစ်သော ဆေးခြောက်ကိုလည်း သိုဝှက်ရောင်းချခဲ့သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားချိန်တွင် မှတ်ပုံတင်ထားသော ဘိန်းစား၊ ဘိန်းရှူသူပေါင်း ၄၈၂၁၁ ဦး ရှိခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံမတင်သော ဘိန်းစားသူ ဦးရေက ပိုများမည်ဟု ခန့်မှန်းခဲ့ကြသည်။

**စိတ်ကြွရူးသွပ်ဆေးပြားပြဿနာ**

မြန်မာနိုင်ငံအတွင်းသို့ ဘိန်းဓလေ့ သွတ်သွင်းခြင်းခံခဲ့ရပြီးနောက် ၁၉၆၀ ပြည့်နှစ်ခန့်အထိ ပြည်တွင်း၌ ဘိန်းစိုက်ပျိုးမှု တွင်ကျယ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မတိုင်မီ မြန်မာနိုင်ငံတွင် ဘိန်းဖြူ သုံးစွဲမှု အထောက်အထားမရှိခဲ့ချေ။ ဘိန်းဖြူကို မြစ်ကြီးနားမြို့တွင် ပထမဆုံးတွေ့ရှိခဲ့ပြီး ဖားကန့်မှ ကျောက်စိမ်းများကို ထိုင်းနိုင်ငံသို့ မှောင်ခိုတင်ပို့သူများမှတစ်ဆင့် ထိုင်းဘက်မှ တင်သွင်းလာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၈၂၄ မှ ၁၉၇၀ ပြည့်နှစ်ခန့်အထိ ဘိန်းမည်းကို သုံးစွဲခဲ့ပြီး ၁၉၇၀ မှ ၁၉၉၉ ခုနှစ်အထိ ဘိန်းဖြူကို သုံးစွဲလာခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ စိတ်ကြွရူးသွပ်ဆေးပြားကို သုံးစွဲလာကြရာ ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေဖြင့် ကိုလိုနီခေတ်တွင် အမြစ်တွယ်ခဲ့သော ဘိန်းပြဿနာကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ပြည်သူတို့ လက်တွဲ၍ ခေတ်အဆက်ဆက်တွင် အခက်အခဲများစွာကြားမှ တားဆီးကာကွယ် တွန်းလှန်ခဲ့ကြသည်။ နည်းပညာမြင့်မားလာသောအိုင်တီခေတ်တွင် ဘိန်းပြဿနာထက် စိတ်ကြွရူးသွပ်ဆေးပြားပြဿနာသည် တိုင်းရင်းသားပြည်သူတို့၏ ရှေ့မှောက်သို့ တိုက်ရိုက်ရောက်ရှိလာသောကြောင့် နိုင်ငံတော်မှ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းအား၊ နိုင်ငံတကာပူးပေါင်းအားဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တွန်းလှန်ကာကွယ်ခဲ့ကြသည်။

**အမိန့်ကြော်ငြာစာများထုတ်ပြန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၂၁ ခုနှစ် မေ ၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၂၁ ဖြင့် အဖွဲ့ဝင် ၁၇ ဦး၊ လုပ်ငန်းတာဝန် ၁၇ ချက်ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၁၄/၂၀၂၁ ဖြင့် အဖွဲ့ဝင် ၁၇ ဦး၊ လုပ်ငန်းတာဝန် ၁၈ ချက်ဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၂ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် လည်းကောင်း အဆင့်ဆင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

**မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်**

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများ၊ အုပ်ချုပ်မှုအလှမ်းဝေးသောနေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသောနေရာများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသောနေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းကိုစိုက်ပျိုးထုတ်လုပ်လေ့ရှိသည်။

ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုကို တိုင်းတာခဲ့ရာ ၂၀၁၂ ဘိန်းစိုက်ရာသီမှစ၍ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုအနေဖြင့် ဟက်တာ ၃၀,၂၀၀ စိုက်ပျိုးခဲ့ပြီး ၄၂၃ မက်ထရစ်တန် ထွက်ရှိကာ ဘိန်းခင်းဖျက်ဆီးမှုအနေဖြင့် ၄၆၃၂ ဒသမ ၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



၂၀၂၂ ခုနှစ် ဧပြီ ၂၄ ရက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ ဖမ်းမိသော ကျပ် ငါးဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်များနှင့် တရားခံများ။



၂၀၂၂ ခုနှစ် ဇန်နဝါရီလက လွိုင်လင်မြို့နယ်အတွင်း ၁၂ ဘီးယာဉ်နှစ်စီးပေါ်မှ ဖမ်းမိသော ကျပ် ၁၇ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၅) မြို့ရှောင်လမ်းရှိ နီးဘုရားကြီးရှေ့တွင် Dong Feng အမျိုးအစား ဆီဘောက်ဆာမော်တော်ယာဉ် မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်မောင်းကို မတွေ့ရှိဘဲ ယာဉ်အတွင်းမှ ငွေကျပ် ၁ ဒသမ ၄၃၅ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၂၈ ဒသမ ၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းတို့ကို လည်းကောင်း။

ဇွန် ၂၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၅) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းတွင် မြင့်သိန်း(ခ)ဂနေ့(ခ)သားကြီး မောင်းနှင်ပြီး အေးလှိုင်(ခ)စိုးဝင်း လိုက်ပါလာသည့် Toyota Corolla Fielder အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၄၂)ရပ်ကွက် ပီမိုးနင်း(၃)လမ်း အမှတ်(၆၁၁/ခ) ရှိ မြင့်သိန်း(ခ)ဂနေ့(ခ)သားကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀,၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂,၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် ရွှာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု တောင်ခေါင်းပွားကျေးရွာအနီး ရွှာငံ-ဟန်မြင့်မိုရ်သွားကားလမ်းတွင် ကျော်လင်းထွန်း မောင်းနှင်လာသည့် Hyundai Starex အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁,၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀,၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်မြေနေရာနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကြည့်ရှုပြီး Dance Jam ရိုက်ကူးနေမှုကြည့်ရှုအားပေး

**ရန်ကုန်　ဇွန်　၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးနေသည့် Dance Jam အစီအစဉ်ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းတွင် ဆောက်လုပ်မည့် စာဆိုဗိမာန်အဆောက်အအုံမြေနေရာကို ကြည့်ရှုပြီး စာပေပညာရှင်များ၏ အကြံပြုချက်များပါဝင်သည့် အဆောက်အအုံပုံစံ ရေးဆွဲတင်ပြနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို ရောက်ရှိပြီး စာအုပ်စာစောင်များ ခင်းကျင်းရောင်းချမှုကို ကြည့်ရှုစစ်ဆေးကာ ပုံမှန်ရောင်းချနေမှုများအပြင် လူငယ်များ စိတ်ဝင်စားစွာ ဝင်ထွက်ကြည့်ရှု ဝယ်ယူနိုင်စေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၊ ပုဂ္ဂလိကရုပ်သံကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အနုပညာလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်လာနိုင်စေရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို- A တွင် လူငယ်များ ပါဝင်ရိုက်ကူး ဆောင်ရွက်နေသည့် Dance Jam အကအစီအစဉ်ကို ကြည့်ရှုအားပေးသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Firday Night Live Show အစီအစဉ်များဖြင့်လည်းကောင်း၊ အပတ်စဉ် စနေနေ့ညများတွင် အငြိမ့်နှင့် (၃၈)ဖြာ မင်္ဂလာဇာတ်သဘင် အစီအစဉ်များဖြင့်လည်းကောင်း၊ အပတ်စဉ် တနင်္ဂနွေနေ့ ညများတွင် မြန်မာရုပ်ရှင် ဇာတ်ကားများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာမှ အပတ်စဉ် သောကြာနေ့ ညများတွင် လူငယ်များပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ ဆန်းသစ်ဆောင်ရွက်မှုအဖြစ် Music Gallery အစီအစဉ်ကို တင်ဆက်ပြသခဲ့ပြီးနောက် ယခုအခါ Dance Jam (Dancing Show) အကအစီအစဉ်ကို တင်ဆက်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မန္တလေး　ဇွန်　၂၂**

ရတနာပုံတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး ဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပထမနေ့ အမျိုးသားပွဲစဉ်တွင် ရူပဗေဒအသင်းက ရက္ခဗေဒအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဓာတုဗေဒအသင်းက ပထဝီဝင်အသင်းအား သုံးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် အားကစားပညာအသင်းက ညွှန့်ပေါင်းအသင်းအား ခြောက်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်　ဇွန်　၂၂**

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(အောက်ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယကအဖွဲ့သည် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးကို အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် စနစ်တကျ ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အသစ်ရွေးချယ် တင်မြှောက်ခံရသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌထံသို့ တိုင်းရင်းဆေးကောင်စီ၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချယ် တင်မြှောက်ခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးမှာ ဥက္ကဋ္ဌ ဦးမြင့်ဦး (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးပေါ်ငြိမ်း (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးဝင်း (နေပြည်တော်ကောင်စီနယ်မြေ)၊ အတွင်းရေးမှူး ဦးဝင်းဇော် (ရန်ကုန်တိုင်းဒေသကြီး)၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဦး (ရန်ကုန်တိုင်းဒေသကြီး)၊ ဘဏ္ဍာရေးမှူး ဦးထွန်းရွှေ (ရန်ကုန်တိုင်းဒေသကြီး)၊ စာရင်းစစ် ဦးကြည်ဝင်း (ရန်ကုန်တိုင်းဒေသကြီး)တို့နှင့် အလုပ် အမှုဆောင်အဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသည့် ဦးဝင်းမြင့်ဦး (မကွေးတိုင်းဒေသကြီး)၊ ဦးတင်ဝင်း (တနင်္သာရီတိုင်း ဒေသကြီး)၊ ပါမောက္ခ ဦးအောင်ကျော်မင်း (မန္တလေးတိုင်း ဒေသကြီး)၊ ဒေါ်ကြည်ဋ္ဌေး(ကချင်ပြည်နယ်)၊ ဦးဝေဝင်း (နေပြည်တော်ကောင်စီနယ်မြေ)၊ ဦးတင်သိန်း (ရန်ကုန်တိုင်းဒေသကြီး)၊ ဦးသန်းဦး (ရန်ကုန်တိုင်းဒေသကြီး) နှင့် ဦးဝင်းစိုး(တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး) တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၆ အရ အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယကအဖွဲ့ကို ၂၀၂၁ ခုနှစ် မေ ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၁)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (က)အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ နာယကအဖွဲ့က ဖွဲ့စည်းထားသည့် အဖွဲ့ဝင် ၄၅ ဦး ပါဝင်သော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကို မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၇၀ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်အရ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂) ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သား / သမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များထောက်ပံ့

ဘားအံ ဇွန် ၂၂

**ကရင်ပြည်နယ်အစိုးရအဖွဲ့က ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သား/သမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်နှင့်ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲဖြစ်ပေါ်တိုးတက်လာမှုအခြေအနေ၊ ပညာရေးပြုပြင်ပြောင်းလဲမှုအခြေအနေ၊ ပညာရေးကဏ္ဍမြင့်မားရေးကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းတို့က မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သား/သမီး၊ ကျောင်းသား ကျောင်းသူများအတွက် KG တန်းမှ Grade-11 အထိ ပုံနှိပ်စာအုပ် ၅၆၃၈ စုံ၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ ကို ထောက်ပံ့ပေးအပ်ရာ မြန်မာရွှေ့ပြောင်းလုပ်သား ပညာရေးကော်မတီ ဥက္ကဋ္ဌ နော်ဆာအယ်စေးဖိုးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာရွှေ့ပြောင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးဆိုင်ရာ အရေးကိစ္စများကို အချိန်မရွေးတင်ပြနိုင်ပြီး လိုအပ်သည်များကို အတတ်နိုင်ဆုံးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သား/သမီး၊ ကျောင်းသား



ကျောင်းသူများအားလုံး ပညာရည်ထူးချွန်၍ အနာဂတ်တွင် တိုးတက်ကြီးပွားပြီး နိုင်ငံတော်မှ အားထားရသည့် လူရည်ချွန်များဖြစ်ကြစေလိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၂**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးဆက်လက်ထိုးနှံနိုင်ရေး စီမံဆောင်ရွက်နေမှုများကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကြည့်ရှုအားပေး

**မြစ်ကြီးနား ဇွန် ၂၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်)က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇွန် ၂၁ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းနှင့် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်တို့က တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲဒိုင်အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် တွဲဆိုင်းငါးတွဲ၏ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အာရှနဂါး(ကျားဖြူ) နှင့် အောင်မင်းထွန်း (စိန်နန်းတော်) တွဲဆိုင်းမှအနိုင်ရသည့် အာရှနဂါး(ကျားဖြူ)ကို အကောင်းဆုံးကစားသမားဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တွဲဆိုင်းအလိုက် ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်) အနေဖြင့် အဆိုပါရိုးရာလက်ဝှေ့ပြိုင်ပွဲအပြင် လက်ရွေးစင်ကစားသမားဟောင်းများပါဝင်သည့် သင်တန်းသားများအား ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ရိုးရာလက်ဝှေ့ဒိုင်အဖြစ် သင်တန်းကို မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဇွန် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**





# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် (၂၅)နှစ်အောက် ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မော်လမြိုင် ဇွန် ၂၂**

မွန်ပြည်နယ်တွင် လူငယ်၊ လူရွယ်များ၊ ကျန်းမာရေးနှင့် အားကစားလိုက်စားသူများ၊ ကျန်းမာကြံ့ခိုင်စေရေးနှင့် စိတ်ဓာတ်ရေးရာမြင့်မားစေရေးအတွက် ဘက်စုံထောင့်စုံမှ အရည်အသွေးမြင့်တင်ပေးရန် ပြည်နယ်အစိုးရအနေဖြင့် အားကစားနည်းများအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်က မော်လမြိုင်မြို့ ပြည်နယ် အားကစားခန်းမ၌ မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသား၊ အမျိုးသမီး အသက်(၂၅)နှစ်အောက် ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ် ၁၀ မြို့နယ် ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲကို ကြည့်ရှုအားပေးကာ အားကစားထူးချွန်ဆု ရရှိသူများကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ အောင်ပွဲဝင် ပြည်နယ်ကြက်တောင် အမျိုးသား၊ အမျိုးသမီးအသင်းများကို ပြည်နယ်ဝန်ကြီးချုပ် **(အပေါ်ပုံ)**၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ခရိုင်ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား မြန်အောင်၌ ကျင်းပ

**မြန်အောင် ဇွန် ၂၂**

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှုများကို စစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် တည်ဆဲဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ တရားရုံးက အမှုနှင့်သက်ဆိုင်သူအားလုံးနှင့်အတူပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ ထိရောက်မြန်ဆန်စွာ စစ်ဆေးစီရင်နိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းရန်၊ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်၊ အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့်မှုခင်းများ လျှော့ချရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးဇေယျာမျိုးက မြန်အောင်မြို့နယ် တရားရုံး၌ ၁-၇-၂၀၂၂ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး ညွှိနှိုင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုထက်က တက်ရောက်လာသူများက မေးမြန်းသော မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့်ပတ်သက်သည့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးသည်။

အခမ်းအနားသို့ ဟင်္သာတခရိုင်တရားသူကြီး ဒေါ်အေးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်သူရိန်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချစ်မောင်၊ မြန်အောင်မြို့မစခန်းမှူးနှင့်နယ်မြေရဲစခန်း၊ ရဲကင်းစခန်းတို့မှ စခန်းမှူးများ၊ အမှုစစ်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



# ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေး

**ပုဗ္ဗသီရိ ဇွန် ၂၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်၁၀ နာရီက ထုတ်ချေးပေးသည်။

ပုဗ္ဗသီရိခရိုင် ဘဏ်ခွဲအနေဖြင့် မေ ၁၆ ရက်မှ စတင်ပြီး မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခဲ့ရာ ဇွန် ၂၂ ရက်တွင် ပုဗ္ဗသီရိ ခရိုင်ဘဏ်ခွဲမှ ကျည်တောင်ကန် ကျေးရွာအုပ်စုသို့ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ချေးငွေနှုန်းထား လယ်တစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ယာတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းနှင့် အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် ၁ နှစ် ၅ ရာခိုင်နှုန်းဖြင့် တောင်သူ ၁၆၄ ဦး၊ စပါး ၅၃၇ ဧက၊ နှမ်းနှစ်ဧကတို့အတွက် စုစုပေါင်းချေးငွေ ၈၀၇၅၀၀၀၀ ထုတ်ချေးပေးခဲ့သည်။ အဆိုပါချေးငွေကို သတ်မှတ်ကာလဖြစ်သည့် ၃၁-၃-၂၀၂၃ ရက် ကျော်လွန်ပါက ငွေကျပ် ၁၀၀ လျှင် ၁နှစ် ပြား ၅၀ နှုန်း ဒဏ်တိုးအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲ အနေဖြင့် မေ ၁၆ ရက်မှ ဇွန် ၂၂ ရက်အထိ ကျေးရွာအုပ်စု ၂၀၊ တောင်သူ ၁၇၀၅ ဦး၊ စပါး ၅၈၂၃ ဧက၊ နှမ်း ၇၇၇ ဧက၊ မြေပဲ ရှစ်ဧကအတွက် ချေးငွေ စုစုပေါင်း ၉၅၁၉၅၀၀၀၀ ထုတ်ချေးပေးပြီး ဖြစ်ကြောင်း ပုဗ္ဗသီရိခရိုင် ဘဏ်ခွဲမန်နေဂျာ ဒေါ်ထွေးထွေးသိန်းထံမှ သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# တောင်တွင်းကြီး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ကာယ၊ ဉာဏ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုချီးမြှင့်

**တောင်တွင်းကြီး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးသက်ခိုင်ထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားကျောင်းသူလူငယ်လေးများ ငယ်စဉ်ကပင် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ၊ လူတိုင်းမူးယစ်စေတတ်သည့် ဆေးဝါးများ ရှောင်ရှားရမည့်အချက်များကို သိရှိစေရန်ရည်ရွယ်၍ ပညာရေးဌာနနှင့် ပူးပေါင်းပြီး မြို့မအခြေခံပညာ အလယ်တန်းကျောင်းမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကာယ၊ ဉာဏပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ကြက်ဥကောက်ပြိုင်ပွဲ၊ ကြိုးထိုးပြိုင်ပွဲ၊ ပူဖောင်းမှုတ်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဂေါ်လီဇွန်းကိုက်ပြိုင်ပွဲ၊ ထိုင်ခုံလုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူ ၃၈ ဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုး

**ပန်းတောင်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပန်းတောင်းမြို့နယ် ကုန်းကလေးကျေးရွာအုပ်စု ကျားအိုကျေးရွာရှိ တောင်သူ ဦးခင်မောင်ဝင်း စိုက်ပျိုးထားသော တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ခင်းတစ်ဧက စိုက်ပျိုးထားရှိမှု အခြေအနေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။



ဆက်လက်၍ ပန်းတောင်းမြို့နယ် မွေးမြူရေး နှင့်ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်အစာရှားပါးချိန်တွင် အာဟာရဓာတ်ပြည့်ဝသော ဖြည့်စွက်စာအဖြစ် ကျွေးမွေးနိုင်ရန်၊ နေပီယာမြက်ကို ကြက်၊ ဝက်၊ နွား၊ ဆိတ်မွေးမြူရေးများတွင် ကျွေးမွေးပါက အသားဓာတ်ပြည့်ဝပြီး ကြီးထွားနှုန်း ကောင်းမွန်စေရန်၊ တောင်သူများ စိတ်ပါဝင်စားစွာ စိတ်ပျိုးနိုင်စေရန်ရည်ရွယ်၍ နေပီယာမြက် စိုက်ပျိုးထားခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

# ရွှေဘိုငါးလုပ်ငန်းစခန်း၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေးသင်တန်းဖွင့်လှစ်

**ရွှေဘို ဇွန် ၂၂**

စိုက်ပျိုးမွေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးနှင့်ငါးသားဖောက်ခြင်းနည်းပညာပေးသင်တန်းများကို ငါးမွေးတောင်သူများနှင့် ကျေးလက်နေပြည်သူများကို ပို့ချပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ငါးရိက္ခာများပိုမိုစားသုံးနိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဖွင့်လှစ်ပို့ချလျက်ရှိရာ ဇွန် ၂၀ ရက်က ရွှေဘိုငါးလုပ်ငန်းစခန်းတွင် ငါးဆေးထိုးသားဖောက်သင်တန်းနှင့် ရေချိုငါးများ မွေးမြူရေးနည်းပညာပေးသင်တန်းကို ဖွင့်လှစ်သည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အမှာစကားပြောကြားပြီး သင်တန်းတွင် ရွှေဘိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဇော်ဝင်းအောင်က ငါးမွေးမြူခြင်း၊ မျိုးငါးများ ရွေးချယ်ခြင်း၊ ငါးကန်ရေ အရည်အသွေးတိုင်းတာခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးမှုန်များပြုစုခြင်းတို့ကို စာတွေ့လက်တွေ့ပို့ချပေးသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဇေယျာချောင်ရပ်ကွက်နေ နွေးနွေးအောင်(ခ)မနွေးသည် ၎င်းအသုံးပြုသည့် "Nway Nway" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာနေ ရဲမင်းနှင့် မျိုးထွန်းသည် ၎င်းတို့အသုံးပြုသည့် "Ye Min" Facebook အကောင့်၊ "Myo Htun" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်နေ သက်စုမွန်သည် ၎င်းအသုံးပြုသည့် "Thet Su" Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ကျောင်းစုကျေးရွာနေ စုစုမြင့်ဦး(ခ)အိစုသည် ၎င်းအသုံးပြုသည့် "EI SU" Facebook အကောင့်၊ ချင်းပြည်နယ် မတူပီမြို့နယ် စန်ဘောင်ရပ်ကွက်နေ ဘိုင်ကစ်လျန်သည် ၎င်းအသုံးပြုသည့် "Bhine Kait Lyan" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နေသူများဖြစ်သည့် ဇော်လတ်၊ ချမ်းမြေ့ဝင်း(ခ)ကိုချမ်း၊ ခြူးဝင့်နွယ်၊ သန့်ဇင်(ခ) လားအို၊ မသီးပို၊ တင်ထွန်း၊ ကလျာဝင်း၊ ဇေယျာဝင်း၊ လှိုင်ထွေးနှင့် စန်းစန်းငွေ(ခ)မီးငယ်တို့သည် ၎င်းတို့အသုံးပြုသည့် "Zaw Latt" Facebook အကောင့်၊ "Ko Chann" Facebook အကောင့်၊ "Chue Wint Nwe" Facebook အကောင့်၊ "Thant Zin" Facebook အကောင့်၊ "Thee Po" Facebook အကောင့်၊ "Tin Htun" Facebook အကောင့်၊ "Klayar Win" Facebook အကောင့်၊ "Zayar Win" Facebook အကောင့်၊ "Hlaing Htwe" Facebook အကောင့်နှင့် "Mee Nge" Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက်နေ ရဲကိုထူးသည် ၎င်းအသုံးပြုသည့် "Ye Ko Htoo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ကျောဖုံးမှ*

အထိတ်တလန့် ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် အတွင်းရှိ စာသင်ကျောင်း ခြောက်ကျောင်းကို ခြိမ်းခြောက်စာများ ပေးပို့ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၅) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းများသို့ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး "တားမြစ်သတိပေးချက်" ခေါင်းစဉ်ဖြင့် ခြိမ်းခြောက်စာများကို ထမင်းစားကျောင်းဆင်းချိန်တွင် ကျောင်းပြင်ပနေအိမ်သို့ ထမင်းပြန်စားသော ကျောင်းသားများမှတစ်ဆင့် ကျောင်းအုပ်ကြီးများထံသို့ ပေးပို့ဖြန့်ဝေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ခြိမ်းခြောက်စာ ပေးပို့သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၁ ရက်မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဘိုကုန်းရပ်ကွက် မော်လမြိုင်မြို့နယ်ပညာရေးမှူးရုံးဝင်းရှိ အားကစားခန်းမအုတ်နံရံအနီး ပန်းပင်များအတွင်း၌ လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာရှိ ပန်းပင်များအတွင်း အပြာရောင်ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ ကျောဖုံးမှ

နံနက် ၈ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံးဖြင့် ချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆေးရုံဝင်းအတွင်းရှိ ပြင်ပလူနာဆောင်ရှေ့ ပေ ၂၀ ခန့်အကွာသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ပြည်သူလူထုကို ဆေးကုသမှု ဆောင်ရွက်ပေးနေသည့် ခရိုင်ပြည်သူ့ဆေးရုံကြီးကို လက်လုပ်ဗုံးပစ်ချ တိုက်ခိုက်ခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ Drone ယာဉ်အသုံးပြု၍ ပစ်ချတိုက်ခိုက်ခံခဲ့ရသည့် နေရာပြမြေပုံ။**




---

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် တန် ၁၉၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၃၄ ဒသမ ၉၈၈၆ တန်၊ သစ်မာ ၂၃ ဒသမ ဝ၅၄၄ တန်၊ အခြား ၄၁ ဒသမ ၂၉၅၈ တန် စုစုပေါင်း ၁၉၉ ဒသမ ၃၃၈၈တန်၊ တရားခံ ၂၈ ဦး၊ ယာဉ်/ ယန္တရားကိုးစီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၅ | ၂၇၇၅ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၈၅ | ၂၃၈၅ | ၂၆၀၅ | ၂၈၂၅ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၅ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၅ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၆ | ၂၁၇၁ |
| 95 Ron | ၂၁၉၄ | ၂၂၇၁ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (50 ppm) | ၂၅၀၈ | ၂၅၈၇ |
| HSD (10 ppm) | ၂၅၀၈ | ၂၅၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ






**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများကျသင့်ခြင်းမှ ရှောင်ရှားပါ**

## မြန်မာ့ရိုးရာလက်ဝှေ့ ရွှေအောင်လံဆုရှင်များ ပြိုင်ပွဲကြီးကျင်းပမည်

ရန်ကုန် ဇွန် ၂၂

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စကိုင်းနက်(SKYNET)တို့ပူးပေါင်းမည့် စကိုင်းနက် ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ဇွန် ၂၅ ရက်၊ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။**



အဆိုပါပြိုင်ပွဲကို ဇွန် ၂၅ ရက်တွင် ဆီမီးဖိုင်နယ် ၇၀-၇၁ ကီလိုတန်းပွဲစဉ်၌ အောင်လံသုံးဆုရ ဖိုးလပြည့် (ဇာနည်သွေး) နှင့် တရုတ်၊ ဂျပန်နိုင်ငံ ရွှေတံဆိပ်ဆုရ မင်းထက်အောင် (ရွှေသထုံ)၊ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ၆၇ ကီလိုတန်း၌ စောရေထူး(STL)နှင့် စောမင်းမင်း(ရွှေသထုံ)၊ ဂျပန်ပြန် ရွှေတံဆိပ်၊ ကရင်ပြည်နယ် အောင်လံဆုရှင် ဟံသာဝတီ(အဖြူရောင်သွေး)နှင့် အောင်လံ ၁၀ ဆုရှင် ကိုနိုင်(ဇာနည်သွေး)၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် အောင်လံသုံးဆုရှင် နက္ခမင်း (ဇွဲကပင်မြေရောင်) နှင့် ကိုကိုအောင်(STL)၊ မွန်ပြည်နယ် ရွှေတံဆိပ်ဆုရှင် ကျားသွေး (ထွန်းထွန်းမင်း) နှင့် ပြည်နယ်တိုင်း ရွှေအောင်လံဆုရ ဖွဲ့ရာမာန် (ဘိလပ်မြေ)၊ ၆၀ ကီလိုတန်း စောမူထော်ဂေး(STL) နှင့် ကရင်ပြည်နယ် အောင်လံဆုရှင် စောအယ်ဖူး(တို့ရိုးရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဇွန် ၂၆ ရက်၌ ၇၀-၇၁ ကီလိုတန်း ဆီမီးဖိုင်နယ်တွင် ဂျပန်နိုင်ငံ ရွှေတံဆိပ်ဆုရ စောမင်းအောင် (တောင်ကလေး) နှင့် ရွှေခါးပတ်ချန်ပီယံစောကြွယ်ကြီး (G3G) ၊ ၆၇ ကီလိုတန်း ကွာတားပြိုင်ပွဲများတွင် အောင်လံသုံးဆုရှင် မာန်မင်းအောင်(ဘိလပ်မြေစက်ရုံ) နှင့် မွန်ပြည်နယ် ရွှေတံဆိပ်ဆုရှင် မင်းထူးထူး (တောင်ကလေး)၊ စောထွန်းဝင်းအောင်နှင့် ထိုင်းနိုင်ငံ ရွှေအောင်လံဆုရှင် ကမ္ဘာရှား (AMT 2)၊ ၆၃ ဒသမ ၅ကီလိုတန်း၌ ကမ္ဘာ့ရွှေအောင်လံ ဂျပန်နိုင်ငံ ရွှေတံဆိပ်ဆုရှင် အောင်လံလေးဆုရ စောဒါဝိတ် (တောင်ကလေး) နှင့် ၂၀၂၂ ကရင်အောင်လံဆုရှင် အဲမွှီ(နဂါးမင်း)၊ ဂျပန်နိုင်ငံ ရွှေတံဆိပ်ဆုရှင် ဆလိုင်းချမ်းမြေ့ကို (အဲကညော)နှင့် မွန်၊ ကရင် အောင်လံဆုရှင် သက်ဝင်းအောင် (ရွှေသထုံ)၊ ၆၀ ကီလိုတန်း၌ ကရင်ပြည်နယ် အောင်လံဆုရ စောဘဟိန်း (ဘိလပ်မြေစက်ရုံ) နှင့် ကရင်ပြည်နယ် အောင်လံငါးဆုရ ချစ်ဝိုင်းဝိုင်း(ဇာနည်သွေး)၊ ကရင်ပြည်နယ် အောင်လံဆုရ မင်းကျော်ဇ (ဇွဲကပင်မြေ) နှင့် ရွှေခါးပတ်နှင့် အောင်လံဆုရှင် လင်းထက်အောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။ ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၏ ပွဲစဉ်များကို "SKYNET Sports-4"၊ "SKYNET Sports-HD" ရုပ်သံလိုင်းတို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့် ပြသသွားမည်ဖြစ်ပြီး လက်မှတ်များကို ဇွန် ၂၃ ရက်မှ စတင်ရောင်းချပြီး ငွေကျပ် ၅၀၀၀၊ ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**အာကာစိုး**

# တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံကြား လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲတော့မည်

ဆိုးလ် ဇွန် ၂၂

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂင်ပိုလေဆိပ်နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟာနီဒါလေဆိပ်ကြား လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်သည်ဟု တောင်ကိုရီးယားအစိုးရက ပြောကြားလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အဆိုပါ ခရီးသည်တင်လေကြောင်းခရီးစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက ရပ်နားထားခဲ့ခြင်းဖြစ်သည်။**



အဆိုပါ ခရီးသည်တင်လေကြောင်းလိုင်း ဇွန် ၂၉ ရက်တွင် ပြန်လည်ပြေးဆွဲမှုနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ယမန်နေ့က သဘောတူညီမှုရရှိခဲ့ကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါ ခရီးသည်တင်လေကြောင်းလိုင်းသည် နှစ်နိုင်ငံလေဆိပ်များကြား တစ်ပတ်လျှင် အသွားအပြန် ရှစ်ကြိမ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လေကြောင်းကုမ္ပဏီများ၏ ခရီးသွားတောင်းဆိုချက်နှင့် အခြေအနေကို ထည့်သွင်းတွက်ချက်ပြီး ဇူလိုင်လမှစတင်ကာ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။ ဂင်ပိုနှင့် ဟာနီဒါလေဆိပ်နှစ်ခုကြား ချိတ်ဆက်ပြေးဆွဲမှုသည် ဆိုးလ်နှင့် တိုကျိုကြား ခရီးသွားလာရေး ပြန်လည်သက်ဝင်လာမှု၏ သင်္ကေတတစ်ခုဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီး ဝမ်ဟီယောင်းက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းထန်သော ငလျင်လှုပ်မှုဖြစ်ပွားပြီး လူ ၁၀၀၀ ကျော် သေဆုံး၊ ၁၅၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရ

ကဘူးလ် ဇွန် ၂၂

**အာဖဂန်နစ္စတန်နိုင်ငံ ပါ့ခ်တီကာပြည်နယ်နှင့် ခေါ့စ်ပြည်နယ်တို့တွင် ဇွန် ၂၂ ရက်အစောပိုင်းက ပြင်းထန်သော ငလျင်လှုပ်မှုဖြစ်ပွားသောကြောင့် လူ ၁၀၀၀ ကျော် သေဆုံးပြီး ၁၅၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။**



ငလျင်လှုပ်မှုဖြစ်ပွားသည့် ပါ့ခ်တီကာပြည်နယ် ဂါယန်ခရိုင်မှ ထိခိုက်ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်ဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေမှုကို တွေ့ရစဉ်။

ရဟတ်ယာဉ်များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် ပြင်းထန်သော ငလျင်လှုပ်မှုကြောင့် အကြီးအကျယ် ထိခိုက်ခံစားရသည့် ပြည်နယ်များသို့ ရောက်ရှိလာကြောင်း သိရသည်။

ပြင်းအား ၅ ဒသမ ၉ ရှိသော အဆိုပါငလျင်သည် ခေါ့ခ်ပြည်နယ်၏ အနောက်တောင်ဘက် ၄၄ ကီလိုမီတာခန့်အကွာတွင် လှုပ်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာမှုအဖွဲ့က ပြောသည်။

အဆိုပါ ပြင်းထန်သော ငလျင်လှုပ်မှုကြောင့် ငလျင်လှုပ်ရာဒေသရှိ အိမ်ပေါင်းများစွာ ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့သည့်အပြင် ပါ့ခ်တီကာတွင်လည်း မြေပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံက လာအိုနိုင်ငံသို့ စီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် လှူဒါန်း

**ဗီယန်ကျင်း ဇွန် ၂၂**

မလေးရှားနိုင်ငံက ဒုတိယအကြိမ်အဖြစ် လှူဒါန်းသော စီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၀၀၀၀၀ သည် လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဇွန် ၂၂ ရက်က ဗီယန်ကျင်း တိုင်းမ်နေ့စဉ် သတင်းစာတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံက ပထမအကြိမ်အဖြစ် လှူဒါန်းသော အက်စထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၈၃၄၀၀ သည် လာအိုနိုင်ငံသို့ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ရောက်ရှိသည်။

အဆိုပါလှူဒါန်းမှုများသည် ကိုဗစ်-၁၉ ကပ်ရောဂါအဆုံးသတ်ရေး ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုသို့ မလေးရှားနိုင်ငံ၏ ကူညီပံ့ပိုးမှု တစ်စိတ်တစ်ပိုင်းဖြစ်သကဲ့သို့ ယခုနှစ်ကုန်တွင် အရွယ်ရောက်ပြီးသူ အနည်းဆုံး ၈၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံမည့် လာအိုနိုင်ငံ၏ ရည်မှန်းချက်ကိုလည်း ပံ့ပိုးပေးခြင်းဖြစ်သည်။

အဆိုပါ နောက်ဆုံးလှူဒါန်းသော ကာကွယ်ဆေးများကို အသက်အရွယ်မရွေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ဝပ်တေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော အဆိုပါကာကွယ်ဆေးများကို လာအိုကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံက အာကာသပတ်ဝန်းကျင်ကို စုံစမ်းထောက်လှမ်းနိုင်ရန် ဂြိုဟ်တုသစ်တစ်လုံး လွှတ်တင်

**ရှီရှမ်း ဇွန် ၂၂**

တရုတ်နိုင်ငံသည် နိုင်ငံအနောက်မြောက်ပိုင်း ရှီရှမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဇွန် ၂၂ ရက်တွင်အာကာသထဲသို့ဂြိုဟ်တုသစ်တစ်လုံး လွှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။





တီယန်စင်း-1 ဂြိုဟ်တု လွှတ်တင်နေမှုကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

တီယန်စင်း-1 အမည်ရှိ အဆိုပါဂြိုဟ်တုသည် သယ်ဆောင်ရေးဒုံးပျံ ခွိုက်ကျို့-1A ဖြင့် ပေကျင်းစံတော်ချိန် နံနက် ၁၀ နာရီ ၈ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်ထားသည့် ပတ်လမ်းထဲသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကို အာကာသပတ်ဝန်းကျင် စုံစမ်းထောက်လှမ်းခြင်း ကဲ့သို့သော လက်တွေ့ စမ်းသပ်မှုများတွင် အဓိကထား အသုံးပြုသွားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် ခွိုက်ကျို့-1A သယ်ဆောင်ရေးဒုံးပျံများ၏ (၁၅) ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာ၏ အဆိုအရ သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံတွင် ပထမဆုံး monkeypox ရောဂါကူးစက်မှု တွေ့ရှိ

**ဆိုးလ် ဇွန် ၂၂**

တောင်ကိုရီးယားနိုင်ငံသည် ပထမဆုံး monkeypox ရောဂါကူးစက်မှုကို တွေ့ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဇွန် ၂၁ ရက်က ဂျာမနီနိုင်ငံမှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်ရောက်ရှိလာသော တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတွင် monkeypox ရောဂါကူးစက်မှု တွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၂ ရက်တွင် ပြောသည်။ ထို့အပြင် ကျန်းမာရေးတာဝန်ရှိသူများသည် monkeypox ရောဂါ ကူးစက်ခံထားရကြောင်း အတည်ပြုထားသည့် နိုင်ငံများမှ ပြန်ရောက်လာပြီးနောက် monkeypox ရောဂါလက္ခဏာများပြသလာသူများကို သတင်းပေးပို့ရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

လက်ရှိတွင် monkeypox ရောဂါဖြစ်ပွားသူ အရေအတွက်သည် ကမ္ဘာတစ်ဝန်းတွင် ၂၀၀၀ ကျော်လာပြီဖြစ်ပြီး အနောက်နိုင်ငံများတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## “မြန်မာနိုင်ငံဂီတနေ့” ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇွန် ၂၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ ဇွန် ၂၇ ရက်တွင် ကျရောက်မည့် **“မြန်မာနိုင်ငံဂီတနေ့”** ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Friday Night Live Show အဖြစ် တင်ဆက်မည့် “တေးဂီတဖျော်ဖြေပွဲ” ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဇွန် ၂၄ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဂျော်နီ၊ ဈာန်၊ ဇော်ထွေးလတ်၊ ဈာန်ထူး၊ မင်းသားလေး၊ ရွှေယမင်းဦး၊ အိအိချွန်၊ သီတာသိမ့်၊ ဇင်သူဇာထွန်း၊ ဇင်သူသူထွန်း၊ ချိုမီမီဇော်၊ ရေဂျီနာနှင့် သွန်းနေနေတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တင်ဆက်မှုကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇွန် ၂၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၁) ကို ဇွန် ၂၄ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေဒွေးနှင့် သဉ္ဇာမြင့်မိုရ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၂၄၊ ၂၅ နှင့် ၂၆ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဇွန် ၂၂**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “ (၃၈) ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။ အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေး အဆုံးအမများစွာ ပါဝင်သည့် ပဏ္ဍိတာနဉ္စသေဝနာ (ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း )နှင့် ဓမ္မစရိယာစ (မြတ်သော သုစရိုက်အကျင့်ကို ကျင့်ခြင်း) အစီအစဉ်နှစ်ခုကို ဇွန် ၂၅ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ရုပ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း(ရွှေနန်းသဘင်)၊ တင်မောင်ဆန်းမင်းဝင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထို့ပြင် ဇွန် ၂၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဏ္ဍိတာနဉ္စ သေဝနာ (ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း) နှင့် ဇွန် ၃၀ ရက် (ကြာသပတေးနေ့)တွင် ဓမ္မစရိယာစ (မြတ်သော သုစရိုက်အကျင့်ကို ကျင့်ခြင်း) တို့ကို ညနေ ၆ နာရီသတင်းအပြီး၌ တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂– ၆ – ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၂၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၁၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၉၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၄၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၁၄၈၀ | ၁၁၁၀၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၁၀၀၃ | ၂၆၅၇၉၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၄၄ | ၃၀၃၆၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၅ | ၂၇၀၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀၀ | ၂၅၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဇွန် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

(၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၃၂,၀၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၄၂) ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၀၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၀၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၅၇) ခု | (၃)ဦး |
| စုစုပေါင်း | (၄,၇၆၄) ခု | (၁၃)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီခုနစ်ခုမှ CHARCOAL GRANULES FOR SOLUTION ၁၀ ခု၊ RINGER LACTATE ၅၇၂၀ ၊ HYOSCINE BUTYLBROMIDE ၇၅၀ ၊ ACICLOVIR ၁၀၅၀၀ ၊ ALBENDAZOLE TABLET ၁၃၀၀ ၊ AMOXICILLIN TABLET ၉၀၀၀ ၊ CLOXACILLIN ၈၀၀၀ ၊ HYDRO-CHLORO THIAZIDE TABLET ၂၀၀၀ ၊ LEVON-ORGESTREL TABLET ၄၆၀ ၊ METOCLOPRAMIDE HYDRO CHLORIDE ၈၀၀၀ ၊ METHYLDOPA TABLET ၃၀၀၀ ၊ PARACET-AMOL SYRUP ၂၄၄ ခု၊ SPIRONOLACTONE TABLET ၆၀၀၀ ၊ OXYTOCIN ၃၅၀၈ ခု၊ MMUNOGLO-BULINS, ANTITETANUS SKY ၄၅၀ ခု၊ DERISE INJECTION ၄၀၀၀ ၊ RILAST CONCENTRATE FOR INFUSION ၁၀၀ ၊ RILAST CONCENTRATE FOR INFUSION ၂၀၀ ၊ LIJENTA TABLET ၆၉၁၂ ခု၊ NIPROSAR 50 TABLETS ၅၇၆၀၊ METAVAS MR TABLETS ၇၄၈၈ ခု၊ NIPRODON TABLETS ၁၀၅၀၀ ခု၊ LIJENTA-M TABLETS ၂၁၆၀ ၊ EPOSIS INJECTION ၃၀၈၀ ၊ BORINI-K COMBIKIT CAPSULES & TABLETS ၄၉၇၄ ခု၊ PANROLE TABLETS ၄၉၃၅ခု၊ PANROLE TABLETS 40MG ၆၃၆၀ ခု၊ AMPI-BACT INJECTION ၉၈၄၀ ၊ ANTIGEN RAPID DIAGNOSTIC TEST, COVID 19 ၃၀၀ ၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၆၈ မျိုး၊ စုစုပေါင်း ၈၆၁၆၆ ဒသမ ၄၉ KG ၊ နယ်စပ် (ချင်းရွှေဟော်) ကုမ္ပဏီလေးခုမှ HANMA DISPOSABLE SYRINGE 20ML ၁၃၇၆၀ ၊ HANAKO SCALP VEIN SET ၆၀၀၀ ၊ YIXIN INFUSION SET ၂၀၂၀ ၊ JINGDI HAND SANITIZER GEL ၈၅၈ ခု၊ HANAKO DISPO- SABLE SYRINGE (3ML) ၂၅၅၀ ၊ PAI DISPSABLE FACE MASK ၃၄၅၆ ခု၊ HANMA DISPOSABLE FACE MASK ၄၁၉၃ ခု၊ PPE ၁၀၇၄၅၀ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**တောင်ငူ ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်၊ ဂေဟာစနစ်ထိန်းညှိရန်၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးသည့် အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၂ ရက်က ပေါက်တောကြီးဝိုင်း အကွက်အမှတ်(၁၃)၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီပင် စုစုပေါင်း ၅၄၀ စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**




# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Covid Test Kit ၃၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိအနေဖြင့် မေးခွန်းမမေးမီ ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် သံဃာတော်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အကြံပြု၊ အကူအညီပေးရန် တောင်းဆိုခြင်းအား ဦးစွာပြောကြားလိုကြောင်း၊ ယခုလက်ရှိ ထိုင်းနိုင်ငံတွင် စာပေသင်ကြားခြင်းအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် သံဃာတော်များသည် လက်ရှိအချိန်တွင် ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုခွင့်မရတော့ဟု သိရကြောင်း၊ ၎င်းသံဃာတော်များအနေဖြင့် တည်းခိုခန်း၊ ဟိုတယ်များတွင် တည်းခိုသီတင်းသုံးနေရသဖြင့် ဆွမ်း၊ ကွမ်း၊ စသည့် ပစ္စည်းလေးပါး အခက်အခဲတွေ့ကြုံနေရသည်ဟု ကြားသိရကြောင်း၊ အဆိုပါကိစ္စများကို အကူအညီပေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အကြံပြုလိုကြောင်း၊ မိမိမေးမြန်းလိုသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မေးလိုကြောင်း၊ မိမိအနေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်တွင် နေထိုင်ပြီး ဇွန် ၃ ရက် နံနက် ၆ နာရီကျော်ခန့်တွင် မိမိနေအိမ် ခြံတံခါးပိတ်ထားသော်လည်း မိမိအိမ်အတွင်းတွင်ရှိသည့် လက်ကိုင်ဖုန်းများအား ခိုးယူသွားခြင်းခံရကြောင်း၊ မိမိကိုယ်တွေ့ဖြစ်စဉ်မျိုး နေပြည်တော်ကဲ့သို့ အချို့နေရာမျိုးတွင် ရှိနိုင်သည့်အတွက် တရားဥပဒေစိုးမိုးမှုရှိရေးအပိုင်းကို ယခုလက်ရှိ အခြေအနေထက် ပိုမိုထိရောက်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပူးပေါင်းပါဝင် ကူညီကြရန် မေတ္တာရပ်ခံ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပစ္စည်းပျောက်သည့်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားရန် လိုမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ လုံခြုံရေးတာဝန်များကို အဓိက ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးနှင့် နေပြည်တော်တစ်ဝန်းလုံး၌ပါ အလုပ်တာဝန် များပြားကြောင်း၊ မိမိတိုက်တွန်းလိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်လျှင် ဖိဖိစီးစီးဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့အပြင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပူးပေါင်းပါဝင် ကူညီကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က မိမိအနေဖြင့် အကြမ်းဖက် PDF သောင်းကျန်းနေသည့် ဒေသသို့ သွားရောက်ခဲ့သည့် အခြေအနေနှင့် ယင်းဒေသများတွင် ဖြစ်ပေါ်နေသည့်အခြေအနေများကို အခြေခံပြီး မေးမြန်းလိုကြောင်း၊ ချောင်းဦးမြို့နယ် ကင်ပွန်းတောင်ရွာသည် အကြမ်းဖက်လုပ်ရပ်များကို လုံးဝ အားမပေးကြောင်း၊ ၎င်းတို့ကျေးရွာအနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းပြီး ဘေးပတ်ပတ်လည်မှ PDF များကို ခုခံကာကွယ်နေသည်ဟု သိရကြောင်း၊ ၎င်းရွာတွင် အကြမ်းဖက်အဖွဲ့များ၏ သတ်ဖြတ်ခြင်းခံရသူ ၃၇ ဦးရှိပြီး ဇွန် ၁၄ ရက်နေ့တွင် မိုင်းဆွဲတိုက်ခိုက်မှုကြောင့် တစ်ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် ၃၈ ဦးအထိ အသတ်ခံခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများကို တင်ပြထားခြင်းကြောင့် ရဲတပ်ဖွဲ့နှင့် တပ်မတော်သားအချို့ ရောက်ရှိနေကြောင်း၊ ရွာသူ၊ ရွာသားများအဓိကလိုလားသည်မှာ ၎င်းရွာမှ စျေးသွား၊ စျေးဝယ်သွားလာရန် လမ်းသည်ခက်ခဲသည့် အခြေအနေရှိနေသောကြောင့် အဆိုပါလမ်းအား အမြန်ဆုံး မိုင်းရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးရေးနှင့် အစွန်းရောက်အကြမ်းဖက်အဖွဲ့ လာရောက်ခြင်းမရှိရေးတို့အတွက် ဆောင်ရွက်ပေးရန် ရှိ/မရှိနှင့် ကန့်ဘလူ၊ တန့်ဆည်၊ ကျွန်းလှဘက်မှ ကျေးရွာများအနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းနိုင်သည့် ကျေးရွာများတွင် စာသင်ကျောင်းများဖွင့်လှစ်နိုင်ခြင်းရှိပြီး ပြည်သူ့စစ် မဖွဲ့စည်းနိုင်သည့် ကျေးရွာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ လက်ရှိပြည်သူ့စစ် ဖွဲ့စည်းထားသည့်ကျေးရွာများတွင် လက်နက်များ ထပ်မံပြည့်စုံအောင် ဖြည့်တင်းပေးစေလိုကြောင်း၊ ထိုသို့လက်နက်များ ပြည့်စုံစွာဖြင့် ခုခံကာကွယ်နိုင်ပါက PDF များ နှစ်လအတွင်း အမြစ်ပြုတ်သွားနိုင်သည် ဆိုသည့် မျှော်လင့်ချက်များ ဒေသခံများတွင်ရှိနေကြောင်း၊ ပြည်သူ့စစ် အကာအကွယ်ဖြင့် ကျောင်းဖွင့်နိုင်သည့် ကျေးရွာများတွင် ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းထားသည့် ကျေးရွာများရှိကြောင်း၊ ပြည်သူ့စစ်အဖွဲ့ ဖွဲစည်းရာတွင် ၁၉၅၉ ခုနှစ်၊ ဥပဒေအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်အဖွဲ့ဖွဲ့စည်းရန် နယ်မြေအေးချမ်းသာယာမှုမရှိသည့် ဒေသများ၊ နယ်မြေအခက်အခဲ ဖြစ်သည့် ဒေသများရှိပြည်သူလူထုမှ သက်ဆိုင်ရာကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားမှုများအပေါ် အဆင့်ဆင့် ဆုံးဖြတ်၍ ဖွဲ့စည်းရကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းသည့်နေရာတွင်လည်း လုပ်ချင်သလို လုပ်၊ ဖွဲ့ချင်သလိုဖွဲ့ ဖွဲ့စည်း၍မရကြောင်း၊ ပင်မအဖွဲ့၊ အရန်အဖွဲ့ဟူ၍ ဖွဲ့စည်းရကြောင်း၊ လက်နက်တပ်ဆင်ရာတွင်လည်း လိုအပ်သည့် လက်နက်သာ တပ်ဆင်ရကြောင်း၊ ထို့ပြင် လိုအပ်သည့် လုံခြုံရေးဆိုင်ရာသင်ကြားမှုများ ဆောင်ရွက်ရကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများသည်လည်း လက်နက်ကိုင်တပ်ဖွဲ့များအတိုင်း လိုက်နာဆောင်ရွက်ရကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းရာတွင် စနစ်တကျသင်ကြားပြီးမှ ဆောင်ရွက်ရကြောင်း၊ သင်ကြားရာတွင် သေနတ်ပစ်ခတ်တတ်ရုံ သင်ကြားပေးခြင်း မဟုတ်ဘဲ ၎င်းတို့ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရကြောင်း၊ တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းပေးထားသည့် ပြည်သူ့စစ်အားလုံးက လိုက်နာကြရကြောင်း။



ဦးဝင်းဦး



ဦးနန္ဒလင်း



ဦးအောင်ထူးထက်



ဦးသိန်းဝင်းဦး

ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးပြီးလျှင် ယင်းပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာကို PDF များအနေဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုမျိုး တွေ့ရကြောင်း၊ ထို့ကြောင့် ပြည်သူ့စစ်အဖွဲ့များအတွက် လုံလောက်သော လက်နက်/ ခဲယမ်းများ ဖြည့်ဆည်းပေးရန် တောင်းဆိုမှုများရှိကြောင်း၊ ယင်းတောင်းဆိုမှုများကို စနစ်တကျ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ယင်းကိစ္စနှင့် ပတ်သက်၍ လုပ်ဆောင်ပေးနေမှုများရှိသော်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ တစ်ဖွဲ့တည်းနှင့်လည်း လုံလောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများသာမက မဖွဲ့ထားသည့် ကျေးရွာများအတွက်ပါ တာဝန်ရှိကြောင်း၊ ထောက်ပံ့၊ ပံ့ပိုးမှုများ လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ ဆောင်ရွက်ရသည့်ကိစ္စရပ်များ များပြားသည့်အတွက် လစ်ဟင်းမှုများလည်း ရှိနိုင်ကြောင်း၊ မိမိပြောလိုသည်မှာ နယ်မြေဒေသအသီးသီးရှိ ဒေသခံပြည်သူများအနေဖြင့် မိမိရပ်ရွာလုံခြုံရေး၊ မိမိ သား၊ သမီး လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းပြီး လုံခြုံရေးအရ မြန်မာနိုင်ငံအရပ်ရပ်တွင်ရှိသည့် ပြည်သူ့စစ်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များနှင့် ပတ်သက်ပြီး တပ်မတော်အနေနှင့်ရော နိုင်ငံတော်အနေဖြင့်ပါ ပူးပေါင်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောလိုကြောင်း။

**မီဒီယာများကို အထူးကျေးဇူးတင်ရှိ**

ယင်းလိုအပ်ချက်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရများကို တင်ပြပြီး နေပြည်တော်ရှိ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများကို မိတ္တူပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမည်၊ အကောင်းဆုံး ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မည်သည့်ဘက်မှ မပါဘဲ ၎င်းတို့နယ်မြေဒေသတည်ငြိမ်အေးချမ်းစေရန်နှင့် ကလေးများ ကောင်းမွန်စွာ ပညာသင်ကြားစေလိုမှုကိုလိုလားသည့် လူမှုအကျိုးဆောင်အဖွဲ့များ၊ အချို့သော ဆရာတော်များလည်းရှိကြောင်း၊ ၎င်းတို့သည် တပ်မတော်ကို အားပေးထောက်ခံခြင်းမဟုတ်၊ မည်သည့်ဘက်မှ ထောက်ခံခြင်းလည်းမဟုတ်ဘဲ ၎င်းတို့နယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန်၊ ကလေးများ ကောင်းမွန်စွာပညာသင်ကြားနိုင်ရန်၊ ၎င်းတို့ ရွာသူ/ ရွာသားများကို မည်သူမျှ နှောင့်ယှက်မခံရစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသူများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ၎င်းတို့ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မိမိအနေဖြင့် လေးစားသည်ကို ပြောလိုကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး အခက်အခဲရှိပါက သက်ဆိုင်ရာကို အချိန်မီပြောပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းစကားများကို သယ်ဆောင်လာသည့် မီဒီယာများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**97 မီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က ကျန်းမာရေးဝန်ကြီးဌာနနှင့် The Global Fund အဖွဲ့တို့ ဆွေးနွေးခဲ့သည်ဟု သိရှိရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရကြောင်း၊ International Organization တစ်ခုဖြစ်သည့် The Global Fund အဖွဲ့နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က The Global Fund အဖွဲ့သည် မြန်မာနိုင်ငံကို ၂၀၀၀ ပြည့်နှစ်ကျော်ကတည်းပင် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုလည်း ဆွေးနွေးမှုလုပ်ငန်းဆောင်ရွက်မှုများ ရှိနေကြောင်း ပြန်လည်ဖြေကြားသည်။

**အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က အဆိုပါကိစ္စနှင့် ပတ်သက်၍ The Global Fund နှင့် ၂၀၀၅ ခုနှစ်ကတည်းကပင် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ယင်းအဖွဲ့သည် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းအတွက် စတင်ပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် HIV၊ AIDS ရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတို့အတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၅၅ ဒသမ ၃ သန်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွက်လည်း အမေရိကန်ဒေါ်လာ ၂၆၁ ဒသမ ၆ သန်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ Global Fund က ထောက်ပံ့ပေးသော ရန်ပုံငွေအား ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်မှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ အနီးကပ် ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရောဂါကြီး သုံးမျိုးဖြစ်သည့် HIV၊ AIDS၊ တီဘီနှင့်ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ကျေးလက်ဒေသ အောက်ခြေအထိ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကြီး သုံးမျိုးနှင့်ပတ်သက်၍ ရောဂါကာကွယ်ကုသရေးလုပ်ငန်းနှင့် ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာနှစ်မှ စပြီး ရန်ပုံငွေများကိုလည်း Contribution လုပ်သည်ဟုခေါ်ကြောင်း၊ ထဲထဲဝင်ဝင် ပေးပါကြောင်း။

Global Fund အဖွဲ့သည် မြန်မာနိုင်ငံကို ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းများကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်းခန့် ထောက်ပံ့ပေးခဲ့သည့် ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဦးစီး၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉နှင့်ပတ်သက်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း၊၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းတွင်လည်း Global Fund အဖွဲ့၏ ထောက်ပံ့မှုများမှာ ရပ်ဆိုင်းသွားခြင်း မရှိကြောင်း၊ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ၈၉-၉၀ လမ်းကြား၊ အမှတ်(၁၂)၊ ၂၃လမ်းနေ (ဘ) ဦးရန်ထင်စီ၏ သမီး ဒေါ်ရင်ဟွေချန် (ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မြင့်ပါ(၂)မှ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ ၀ ဒသမ ၁၀၄၁ဧကရှိ ဘိုးဘပိုင်မြေကွက်မှာ ဒေါ်ရင်ဟွေချန်အမည်ဖြင့် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသော ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလိုများနှင့် တရားပြိုင်တို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ကြခြင်းနှင့် ပတ်သက်၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၁ ရက်(၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကံ)၊ မြေကွက်အမှတ် (ဂ/၁၃၇-၁၊ ဂ/၁၃၉)၊ မြေဧရိယာ ၀ ဒသမ ၃၃၀ ဧကရှိမြေသည် စစ်ကိုင်းစက်မှုဇုန်တည်ဆောက်ရေးကော်မတီ (စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၏ ၁၀-၂-၁၉၉၈ရက်စွဲပါစာအမှတ် ၅/၄၁-၈/ဦး ၆ အရ ဦးမြင့်အမည်ဖြင့် စက်မှုလုပ်ငန်းအတွက် မြေပေးမိန့်ချထားပေးခဲ့ကြောင်း၊ ၃-၄-၂၀၁၅ရက်တွင် ဦးမြင့်မှ ဒေါ်စန်းစန်းသို့ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားကြောင်း၂၀-၄-၂၀၂၂ ရက်တွင် အထွေထွေကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းစန်းမှ ဒေါ်နန်းပပဝင်းထံသို့ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပိုင်ဆိုင်အသုံးပြုခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆုံးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ ဒေါ်နန်းပပဝင်းမှ ၎င်းအမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် အသစ်ထုတ်ပေးဆောင်ရွက်နိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အများသိစေရန် ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ညောင်ဝိုင်းရပ်၊ သီတာလမ်း၊ အမှတ်(၄)နေ ဒေါ်မြသီတာ (ဘ)ဦးထွန်းအောင် ၁၀/မလမ(နိုင်)၀၀၃၇၇၅ သည် မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ညောင်ဝိုင်းရပ်၊ သီတာလမ်း၊ အမှတ်(၄)ဟုခေါ်သည့် နှစ်ထပ်နေအိမ်နှင့် ယင်းအိမ်တည်ရှိရာ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ် (၅၈)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ ၀ ဒသမ၀၁၇ဧကရှိ ဘိုးဘွားပိုင် မြေကွက်သည် မြေစာရင်းဦးပိုင် (၁-က)၊ မှတ်ပုံတင်စာရင်းအရ ဦးထွန်းအောင်-ဒေါ်မြစိန် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းအောင်မှာ ကွယ်လွန်သွားခဲ့ပြီး ဒေါ်မြစိန်မှ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏စာချုပ်စာတမ်းအမှတ် ၁၀၇/၂၀၂၂ ဖြင့် ၅-၄-၂၀၂၂ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အရ ပိုင်ဆိုင်ခဲ့ပြီး မော်လမြိုင်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၄-၅-၂၀၂၂ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ် မှတ်ပုံတင်အမှတ်(၁၀၈/၂၀၂၂)အရ ရောင်းချခဲ့ခြင်းအပေါ် ဒေါ်မြသီတာမှ သက်ဆိုင်ရာ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံး၌ မူလအမည်မှ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားမှုအပေါ် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ အမည်ပြောင်း အမှုတွဲအမှတ် (၀၀၄/ဘိုးဘ/၂၀၂၂-၂၀၂၃)အရ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုအပေါ် ကန့်ကွက်လိုသူများရှိပါက လျှောက်ထားသူများထံသို့လည်းကောင်း၊ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့လည်းကောင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကြေညာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၁)၊ ဦးပိုင်အမှတ်(၁၁၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် တရားဝင်ပိုင်ဆိုင်သူ ဒေါ်လီလိန်လီ(ခ)ဒေါ်လှဲ့လှဲ့ (ဘ)ဦးလီထင်အန်(ခ)ဦးသန်းဆွေ ၉/မမန(နိုင်)၀၃၈၁၈၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်သီသီအောင်** | **ဒေါ်သဇ္ဈာဝင်း** | **ဒေါ်နန်းလှိုင်းနွမ်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၄၅၆၄** | **စဉ်-၁၁၄၂၅** | **စဉ်-၅၃၁၀၈** |

**ဈေးချို မင်္ဂလာစံရပ်ကွက်၊ အမရပူရမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၆၁၁၉၇၊ ၀၉-၄၃၀၁၃၂၃၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၈၂**

ရောဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စား-လက်ထောက် အထွေထွေမန်နေဂျာ-ဒေါ်ဝင်းစန္ဒာ) **နှင့်** ၁။ ကောင်းစည်ဟိန်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။ ဒေါ်စန္ဒာ
၃။ ဒေါ်ဆုဝင်းအိမ်
၄။ ဦးမြင့်အောင်

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၈လမ်း၊ ၁၈-၁၉လမ်းကြား၊ အကွက်(၁၃၀)၊ အမှတ်(၂၃၆)နေ ကောင်းစည်ဟိန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ဒေါ်စန္ဒာ၊ ဒေါ်ဆုဝင်းအိမ်နှင့် ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက Project Loan (စီမံကိန်းချေးငွေ) ချေးယူခြင်းအတွက် ချေးယူထားသည့်ချေးငွေအတိုးနှင့်အရင်းများပေးဆပ်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၆ရက်(၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**( တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )**

**ပုသိမ်မြို့နယ်တရားရုံး**

**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

ဦးအောင်အောင် **နှင့်** ဦးကိုနိုင် (ခ) ဦးနိုင်ဝင်းအောင်

**တရားလို** **တရားပြိုင်**

ပုသိမ်မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ အင်ကူကြီးကျေးရွာနေ ဦးကိုနိုင် (ခ) ဦးနိုင်ဝင်းအောင် (ဘ) ဦးမြညိမ်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက အလီလီချေးယူငွေ ၄၇၉၀၀၀၀ကျပ်၊ ဆန်ဖိုးငွေ ၇၀၀၀၀ ကျပ်နှင့် ဆေးအိတ်ဖိုးကျန်ငွေ ၁၂၉၀၀၀၀ ကျပ် စုစုပေါင်း ၆၁၅၀၀၀၀ ကျပ်ရလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၂၂ရက်(၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(နုနုလွင်)**
**မြို့နယ်တရားသူကြီး**
**ပုသိမ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၄၉)လမ်း၊ အမှတ်(၁၄/၁၆)ရှိ ခုနစ်လွှာ (တိုက်ရှေ့မျက်နှာမူလျှင်)(ယာ) အကျယ်အဝန်း (၂၅ပေ x ၆၀ပေ)ရှိ တိုက်ခန်းကို ဒေါ်ခင်စောအေး ၁၂/ကတတ(နိုင်)၀၁၁၉၇၆ က တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ဝန်ခံကတိပြုပြီး ၎င်းသည်ယခုအချိန်တွင်နိုင်ငံရပ်ခြားသို့ရောက်ရှိနေသည့်အတွက် ၎င်း၏သမီးဖြစ်သူ ဒေါ်အိဥမ္မာဇော် ၁၂/ကတတ(နိုင်)၀၀၀၇၀၁ မှ တာဝန်ယူလက်မှတ်ရေးထိုးရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၄၃)**
**တိုက်အမှတ်-၉/၁၁၊ ၃/ခ၊ မြေညီ၊ ၃၆-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၄၂၃၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၃၄၂Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဘိုဘိုမင်း ၅/ရဘန(နိုင်)၁၃၆၃၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(သထုံ)**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ကာယ(၁၂)လမ်း၊ အမှတ်-၂၅ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်( ၅၃၂ စီ၁ )၊ မြေကွက်အမှတ် ၄/၂၆၅ ၊မြေဧရိယာ ၀ ဒသမ ၁၆၅ ဧက ( ၇၆ ပေ/၆၀ ပေ x ၁၀၈ပေ / ၁၁၄ ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဦးဟ(န်)ဘတ်သာ (ဘ)ဦးလာလ်းထန်လျန်နာ ၁၂/မရက(နိုင်)၀၀၉၂၃၈ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် -၆၈၄၇/၂၀၂၂၊ ၂၉-၄-၂၀၂၂ရက်ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမြင့်သောင်း (ဘ)ဦးအောင်သိန်း ၈/နမန(နိုင်)၀၉၂၆၅၂ ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, P.G.D.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)**
**အမှတ်-၁၂၂၂-လမ်း၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၄၈၈၃၃၀**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၄၁-ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်-၁၁၂၀ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (၁၁၂၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းတို့နှင့်ဆက်စပ် ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင်ဗိုလ်မှူးစောဘုန်းနိုင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဇင်သန့် (ဘ) ဦးထွန်းမြင့်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၁၃၀/၂၀၁၈၊ ၂၅-၉-၂၀၁၈အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းယုခိုင် (ဘ)ဦးမြင့်ဝင်း ၁၂/မဂတ(နိုင်)၀၇၃၇၄၉ ထံသို့ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့် အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, P.G.D.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)**
**အမှတ်-၁၂၂၂-လမ်း၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P,LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**အမှတ်-၁၂၂၂-လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၂၅၄၄၈၈၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က)စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(၇၁)၊ မြေဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိ မြေကွက်အား ၁၀-၁၂-၂၀၁၉ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ်(၃၂၃/၂၀၁၉) ဖြင့် ဦးစိုးသိမ်း(ခ)ဦးရှမ်းဝင်းထံမှ ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးမျိုးဝင်း ၆/မအရ(နိုင်)၀၉၇၇၄၃၊ ဒေါ်နှင်းယုမော် ၁၂/မရက(နိုင်)၀၄၀၈၇၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ် (၇၀/၃)၊ ဧရိယာ ၀ ဒသမ ၀၂၃၊ (၇၂/၂)၊ဧရိယာ ၀ ဒသမ ၀၂၅၊ (၇၃/၂)ဧရိယာ ၀ ဒသမ ၀၀၁၊ စုစုပေါင်းဧရိယာ ၀ ဒသမ ၀၄၉ ကေရှိမြေကို ဒေါ်စန္ဒာလင်း အမည်ဖြင့်မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ ရွှေကူတောင်ရပ်၊ ဦးပိုင်အမှတ် (၂၂၅ᵉ)၊ ဧရိယာ ၀ ဒသမ ၀၃၈ ကေရှိ မြေကို ဒေါ်အိမင်းဆွေ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2796 Toyota RAV4ZCA26 S/W (4x2) ယာဉ်အမည်ပေါက်ပိုင်ဆိုင်သူဦးသိန်းတန် ၁၂/ဒပန(နိုင်)၀၁၅၁၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9B/4911 Nissan Diesel Truck (6x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၉/မတရ(နိုင်)၁၀၅၈၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 58W/30243 အမျိုးအမည် Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၁၄/ဟသတ(နိုင်)၀၅၃၁၃၄ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ အကွက်အမှတ် (၂၁)၊ အလျား ပေ၁၃၀၊ အနံ ပေ၈၀အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်နန်းဟွမ် ၁၃/ကတန(နိုင်) ၀၀၅၁၆၅ နှင့် ဦးစိုင်းဝင်း ၁၃/ကတန(နိုင်)၁၁၅၇၆၀တို့မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းလင်း ၁၃/ရစန(နိုင်)၀၀၄၈၁၂ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၁၄၃)**
**ဖုန်း-၀၉-၄၂၉၂၇၆၆၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/7794 Mazda Bongo SKF2LP/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နွယ်ဝင်း ၅/ကဘလ(နိုင်)၀၉၀၆၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4911 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3762၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆လ/၄၈၅၆၂ ယာဉ်လက်ဝယ်ရှိသူဦးထွန်းဦး ၁၀/ပမန(နိုင်) ၁၂၄၄၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်20W/64371 New Anbo125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၂/မဂဒ(နိုင်)၀၀၉၆၃၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်(၂၄၄)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(အလျား၁၈×အနံ၄၂)ရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ၃ ထပ်တိုက် အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းသူ ဒေါ်အေးအေးအောင်(၁၂/ရပသ (နိုင်) ၀၈၅၄၅၁) ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသောကြောင့် ကျွန်တော် ဦးမောင်မြင့် (၁၂/မဂတ(နိုင်) ၁၀၄၁၇၇) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါ ကခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မြင့် (၁၂/မဂတ(နိုင်) ၁၀၄၁၇၇)**
**၀၉-၅၂၁၄၈၆၄၊ ၀၉-၄၅၀၇၁၆၈၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်-၁၀၈၁(က)၊ မြေအကျယ်အဝန်းအလျား ပေ၂၀x အနံ ပေ၆၀ ရှိ နှစ်(၆၀)ဂရန်မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်မေဝင်း အမည်ပေါက်တည်ရှိခဲ့ပြီး ၎င်း၏သားဖြစ်သူ ဒေါက်တာမျိုးမင်းဦး ၁၀/မလမ(နိုင်) ၁၅၆၈၆၇မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်၍ ၎င်းအား အထက်ပါမြေကွက်ကို မေတ္တာနှင့် အပိုင်ပေးအပ်ခြင်းစာချုပ်ချုပ်ဆို၍ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အား မိခင်ဖြစ်သူဒေါ်မေဝင်းမှ သားဖြစ်သူ ဒေါက်တာမျိုးမင်းဦးအား ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက မေတ္တာနှင့် အပိုင်ပေးခြင်းအား မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ သထုံတံတားလမ်း၊ အမှတ် (၂၄) နေ ဦးထွန်းထွန်းဦး ၁၀/မလမ(နိုင်)၁၄၄၁၁၇၊ ဒေါ်မိချိုချိုသဲ ၁၀/မလမ(နိုင်) ၁၃၅၁၈၉ တို့သည် မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်ကွက်၊ ထားဝယ်စုဈေးဘေးလမ်း၊ အကွက်အမှတ် (၅၉)၊ ဦးပိုင်အမှတ် (၅၉)၊ ဧရိယာ ၀ ဒသမ ၀၃၆ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မြေစာရင်း ဦးပိုင် (၁-က) မှတ်ပုံတင်စာရင်းအရ ဒေါ်တင်အေးမာ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်အေးမာသည် ဦးဘတ်ငွေတင်အား မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၂/၂၀၂၂) အရ လွှဲအပ်ပေးခဲ့ပြီး အမည်ပေါက်သူကိုယ်စား ဦးထွန်းထွန်းဦးပါ (၂)တို့အား လွှဲစာအရ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၈၇/၂၀၂၂) အရ ရောင်းချပေးခဲ့ခြင်းအပေါ် ဦးထွန်းထွန်းဦးနှင့်ဒေါ်မိချိုချိုသဲတို့သည် သက်ဆိုင်ရာ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံး၌ မူလအမည်မှ လျှောက်ထားသူတို့အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားမှုအပေါ် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ အမည်ပြောင်း အမှုတွဲအမှတ် (၀၀၁/ဘိုးဘ/၂၀၂၁-၂၀၂၂) အရ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုအပေါ် ကန့်ကွက်လိုသူများရှိပါက လျှောက်ထားသူများထံသို့ လည်းကောင်း၊ မော်လမြိုင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့လည်းကောင်း၊ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကြေညာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း-၂)၊ လူနေရပ်ကွက်အမှတ်(ရွာကောက်ရပ်ကွက်)၊ ဦးပိုင်/မြေကွက်အမှတ်(၅၆၇) ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ ဒေါ်ခင်ဝါဝါ(ဘ)ဦးရွှေကြည် ၁၃/ကမန(နိုင်)၀၀၂၁၄၅ အမည်ပေါက်နှစ်(၃၀)အငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (၂)လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သန်းသန်းဌေး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၆၇)**
**အမှတ်(၁၅/၃၃၉)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၂)ရပ်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၃၈၈၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာပုံ(၁)လမ်း၊ ၁၀မြောက်၊ အိုးအိမ်တိုက်ခန်း A 302 တတိယထပ်အလျား ၅၄ ပေ x အနံ (၁၇)ပေရှိတိုက်ခန်းအား ဒေါ်ခင်မြင့်မြင့်ဝင်း(ဘ)ဦးဝင်း ၁၂/အလန(နိုင်)၀၂၀၂၁၈ ထံမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခိုင်စန္ဒာမြင့်**
**ဖုန်း-၀၉-၇၉၉၄၃၃၂၀၀**

## ကန့်ကွက်နိုင်ပါသည်

ပဲခူး(ဥသာ)မြို့သစ်၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ် ၄/ သီးသန့်-၁၊ မြေကွက်အမှတ်-၂၀ မူလအမည်ပေါက် ဦးတင်မောင်လှ ၁၂/ဗဟန(နိုင်)၀၄၇၃၅၄ ၏ မူရင်းဂရန် ပျောက်ဆုံးသွားပါသဖြင့် ဂရန်မူရင်း ပြန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးတင်မောင်လှ**
**၁၂/ဗဟန(နိုင်)၀၄၇၃၅၄**
**ဖုန်း-၀၉-၇၉၅၉၇၉၅၆၄**

## ဒေါ်ခင်ဆွေ(ပန်းတနော်)
## အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၀)နေ (ဦးမောင်မောင်-ဒေါ်သန်းတင်တို့၏ သမီးကြီး၊ (ဦးအောင်သိန်း)-ဒေါ်ခင်ရီ၊ (ဦးထွန်းလွင်)-ဒေါ်နွဲ့နွဲ့ကြည်တို့၏အစ်မ၊ (ဦးဝင်းအောင်) မြန်မာ့လေကြောင်း-ဒေါ်မြမြဆွေ(အိုးအိမ်ဦးစီးဌာန)၊ (ဦးသန်းအောင်)-ဒေါ်မြသီတာဝင်း၊ ဦးအောင်နိုင်စိုး-ဒေါ်သီတာအောင်၊ ဒု-ဗိုလ်မှူးကြီးမျိုးအောင်(ငြိမ်း)-ဒေါက်တာစုစုဒွေး(ညွှန်ချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၊ (မောင်ကျော်ကျော်အောင်)၊ (မောင်ရဲထွန်းအောင်)၊ ဦးလွင်မောင်မောင်အေး-ဒေါ်စိုးစိုးထိုက်၊ ဒေါ်ခင်ပပလွင်(ဒုအထွေထွေမန်နေဂျာ၊ Orential Leasing Co.,Ltd.)၊ ဦးနိုင်းခိုင်(ကန်သာယာဆေးရုံ)-ဒေါ်တင်ဇာလွင်(မြဝတီဘဏ်)တို့၏ကျေးဇူးရှင် အဒေါ်သည် ၂၁-၆-၂၀၂၂ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိပါသဖြင့် ၂၃-၆-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/1669, NISSAN VANETTE SKP2TN, P/U ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ရွာသစ်ကေကျေးရွာနေ ဦးဆန်းတင် ၁၁/စတန(နိုင်) ၀၈၆၅၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9173, ISUZU NPR 81 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဟိန်း ၉/ခမစ(နိုင်)၀၅၈၄၁၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6292 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/1736, Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၁၄/ပပတ(နိုင်)၀၀၈၇၇၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်နန်းညွန့်နွယ်(ဘ)ဦးခင်ဇော်နှင့် အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ တာလေ့ာရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၆၃)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ရွှေရည်(ဘ)ဦးအိုက်ငင်ပေါင်း ၉/မကန(နိုင်)၀၇၃၈၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရည်က တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အုတ်ဖိုလမ်း၊ အမှတ်(၂၀၅)နေ ဒေါ်နန်းညွန့်နွယ်(ဘ)ဦးခင်ဇော် ၁၃/တကန(နိုင်)၁၃၉၇၈၃အား တာချီလိတ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၈-၂-၂၀၂၁ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် (၂၈/၂၀၂၁)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ပါသည်။

အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဒေါ်နန်းညွန့်နွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည် ၉/မကန(နိုင်)၀၇၃၈၃၀၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမျိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၆/၂၈-၂-၂၀၁၃)**
**အမှတ် (ရ/၉၉၁)၊ မြဝတ်ရည်လမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေကံ့ကော် (၄)လမ်း၊ အမှတ် (၅၈၀)၊ အလျားပေ ၁၀xအနံပေ ၆၀ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင် ဦးခင်မြင့် ၁၂/တမန(နိုင်)၁၁၁၂၇၄ထံမှ အပိုင်ဝယ်ယူရန် ၎င်းအိမ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **အမှတ် (၇၅၇)၊ (၅၃)ရပ်ကွက်** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **စပါယ်မြိုင်လမ်း၊** | **ဒေါ်ဆုမြတ်ဇင်မွန်သိမ့်** |
| **ဒဂုံမြို့သစ် (တောင်ပိုင်း)** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်(၁၃၅၀၅/၁၇)၊** |
| | **ဖုန်း-၀၉-၄၄၈၀၀၀၄၆၈** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အမျိုးသားလမ်း၊ မြေကွက်အမှတ်(၁၁၄၈)၊ (၄၀×၆၀)ပေ၊ (၀. ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)မြေငှားဂရန်မူလအမည်ပေါက် ဒေါ်ရင်ကြည်(၁၂/ဥကမ(နိုင်)၀၄၉၂၆၁)မှ ၎င်း၏အမည်ဖြင့် အမည်ပေါက်ထွက်ရှိပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊

## ဒေါက်တာ ဦးကျော်ဇောဝင်း
## ဝင်းပပ သွားဆေးခန်း၊ Perfect dental clinic
## အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်းဝင်း-ဒေါ်အေးသွင်)တို့၏သားကြီး၊ (ဦးထွန်းနွယ်-ဒေါ်မိုင်ဝင်နီ)တို့၏သမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ Delta Plaza၊ တိုက်(B)၊ အခန်း(905)နေ (ဒေါ်သီတာနွယ်)(ဝင်းပပသွားဆေးခန်း၊ Perfect dental clinic)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မျိုးသွင်(Pacific high tech)-ဒေါ် Pinky ကျော်ဇောဝင်း၊ ဦးသီဟထွန်းနောင်(Great Home GM)-ဒေါ် Ruby ကျော်ဇောဝင်းတို့၏ မွေးသဖခင်ကြီး၊ မောင် Mickyကျော်ဇောဝင်း၊ မအိမ့်သိရိရှိန်၊ မောင်Henry သွင်၊ မအိန္ဒြေဖြိုး၊ မသက်ထက်အောင်တို့၏အဘိုး၊ Dr.သန်းထိုက်ဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဟိန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးနိုင်အောင်ဝင်း-ဒေါ်မေသန့်ဇင်၊ ဦးရန်နိုင်ဝင်း-ဒေါ်ခင်ခင်နွဲ့တို့၏အစ်ကိုကြီးသည် ၂၂-၆-၂၀၂၂ရက် နံနက် ၇:၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၂၂ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၇/၃၈)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်အေးအေး ၁၂/လသယ(နိုင်) ၀၅၇၄၀၂မှ အောက်ဖော်ပြပါအမည်ရှိ အမှတ်တံဆိပ်အား ၁။ FORMUM၊ ၂။ REAL ONE၊ ၃။ THREELEAF အမည်များဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Viberဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာနှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အား မှတ်ပုံတင်ခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေး ၁၂/လသယ(နိုင်) ၀၅၇၄၀၂**
**အမှတ်(၃၈)၊ အခန်း(၇)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၁၃၇၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ရွာနေ ဦးဝင်းဇော်မြင့် ၅/ယမပ(နိုင်)၀၂၂၃၀၂နှင့် ဒေါ်သန်းသန်းအေး ၅/ယမန(နိုင်)၀၇၄၆၄၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ကျော်ဇင်သန့် ၅/ယမပ(နိုင်)၀၉၇၅၄၀သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း မောင်ကျော်ဇင်သန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်မြင့်နှင့် ဒေါ်သန်းသန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်း** | **ဦးဇေမြတ်နိုး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၈၁၄** | **စဉ်-၁၇၈၀၈** |
| **အမှတ် (၇)လမ်း၊ ရတနာပုံရပ်ကွက်၊ မုံရွာမြို့** | **နယ်မြေ (၁)၊ လယ်တီရပ်ကွက်၊ မုံရွာမြို့** |

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ မဂ္ဂင်လမ်း၊ အကွက်အမှတ်နှင့်အမည် (၅၃/မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀ဒသမ၀၆၄)ဧကရှိမြေသည် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(၁-က) စာရင်းတွင် ဒေါ်ခင်စု ပါ(၅)ဦး အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်ခင်စုပါ(၅)သည် (၁၅-၁၁-၂၀၂၀)ရက်တွင် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၃၀၅/၂၀၂၀အရ ဒေါ်ခင်စုပါ(၅)နှင့် ဦးကျော်ကျော်လင်းတို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးကျော်ကျော်လင်းသည် အထက်ဖော်ပြပါမြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၂/မရမ်းကုန်း)၊ ဦးပိုင်အမှတ် (၁၈၉)၊ မြေဧရိယာ ၀ဒသမ၀၂၃ဧကရှိမြေသည် ဦးဘသုံးနှင့် ဒေါ်ငွေသင်အမည်ပေါက်လျက်ရှိပြီး ဦးဘသုံး၊ ဒေါ်ငွေသင်၊ သားဖြစ်သူ ဦးစံဦးနှင့် ဇနီးဖြစ်သူ ဒေါ်ခင်ရီတို့သည် အသီးသီးကွယ်လွန်ခဲ့ပြီး ဦးစံဦးနှင့် ဒေါ်ခင်ရီတို့၏သမီးဖြစ်သူ ဒေါ်လှလှမြင့်နှင့် ဒေါ်စန်းစန်းဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၉၃/၂၀၂၂)ဖြင့် ကျမ်းကျိန်ဆိုပြီး မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၈၅/၂၀၂၂)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်လှလှမြင့်နှင့် ခင်ပွန်းဖြစ်သူ ဦးတင်ဦးသည် ကွယ်လွန်ခဲ့သဖြင့် သားသမီးများဖြစ်သော (၁) ဦးမြင့်ဇော်၊ (၂) ဒေါ်အေးအေးမြင့်၊ (၃) ဒေါ်သိန်းငွေးဦး၊ (၄) ဦးဝင်းထိုက်၊ (၅) ဒေါ်ရီရီဝင်းနှင့် (၆) ဒေါ်ဖြူဖြူဝင်းတို့မှ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ် (၈၆/၂၀၂၂)ဖြင့် အမွေဆက်ခံပိုင်ဆိုင်လာခဲ့သဖြင့် ဒေါ်စန်းစန်းဦးနှင့် (၁) ဦးမြင့်ဇော်၊ (၂) ဒေါ်အေးအေးမြင့်၊ (၃) ဒေါ်သိန်းငွေးဦး၊ (၄)ဦးဝင်းထိုက်၊ (၅) ဒေါ်ရီရီဝင်းနှင့် (၆) ဒေါ်ဖြူဖြူဝင်းတို့မှ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် ချထားပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် လျှောက်ထားလာခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍလ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
## သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ပါဠိတက္ကသိုလ်အောင်မင်္ဂလာတိုက်သစ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (သာသနဓဇဓမ္မာစရိယ)သည် (၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၉ရက်) ၂၂-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ၁:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၃ရက်) ၃၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင်ကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်စာသင်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အချိန်နှင့် နေရာကို ထပ်မံအသိပေးအကြောင်းကြားပါမည်။)

**စျာပနကျင်းပရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သောင်းခင်
### မန်နေဂျာ(ငြိမ်း)
### မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)
## အသက် (၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်-ဘူတာရုံလမ်း၊ ပြည်သာယာအဆင့်မြင့်အိမ်ရာ၊ တိုက် (၁)၊ အခန်း (၁၄)နေ (ဦးငွေခိုင်-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးကျော်)-ဒေါ်မေခင်တို့၏ညီမ၊ ဒေါ်ခင်ဆွေ၊ ဒေါ်တင်တင်ခိုင်၊ (ဦးနိုင်အောင်)-ဒေါ်စန်းစန်းကြည်၊ (ဦးကြည်သန်း)-ဒေါ်ဝေဝေခိုင်၊ (ဦးမြင့်ခိုင်)တို့၏အစ်မကြီး၊ တူ၊ တူမ (၁၁)ယောက်တို့၏ကြီးတော်ဖြစ်သူ ဒေါ်သောင်းခင်သည် ၂၁-၆-၂၀၂၂ရက် ည ၇:၃၀နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2266,MITISUBISHI MINICAB U62T PICKUP ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၅/မရန(နိုင်)၁၃၆၈၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ တာဝါးကျေးရွာ အလက Grade-9 မှ မောင်အောင်သကြ်န်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရဲနိုင်ဝင်း ၉/ကပတ (နိုင်) ၁၇၁၂၉၄ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၂၆၁၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွဋ် ၁၀/ရမန(နိုင်)၀၈၉၁၂၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/75692, Yinxian 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသီဟ ၉/မမန(နိုင်)၀၀၆၇၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၄၀၃၃၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာမိုး ၁၀/ရမန(နိုင်)၁၃၆၄၁၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၆-၂၀၂၂ရက်စွဲပါ ဤသတင်းစာ၏ စာမျက်နှာ ၂၈ တွင်ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်း ကြော်ငြာတွင် ဒေါ်မာမာခိုင် ၈/ကလထ (နိုင်) ၁၂၅၅၀၂အစား ဒေါ်မာမာခိုင် ၅/ကလထ(နိုင်) ၁၂၅၅၀၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-စီ)၊ မြေကွက်အမှတ်(၅၈)ဟုခေါ်တွင်သော အမှတ်(၄၉)၊ ဣန္ဒာသယလမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံသည် ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော ဦးဝင်းမင်းထိုက် ၉/မမန (နိုင်) ၀၈၄၅၅၂၊ ဒေါ်သန္တာဝင်း ၉/မမန(နိုင်) ၀၈၄၅၅၃ နှင့် ဒေါ်သဥ္ဇာဝင်း ၉/မမန(နိုင်) ၀၈၄၅၅၄တို့ မောင်နှမ(၃)ဦးသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။

သို့ပါ၍ အဆိုပါမြေနှင့်နေအိမ်ကို ကျွန်ုပ်တို့၏ အမှုသည်များ၏ အတိအလင်းသဘောတူခွင့်ပြုချက်မပါရှိဘဲ အခြားအမွေဆိုင်များထံမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းဟိန်းထက်(LL.B)** | **ဒေါ်လဲ့ရီဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၉၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၃၅၈)** |

**YE THAW & PARTNERS LAW FIRM LIMITED**
**အမှတ်(၂၂၆)၊ ငမိုးရိပ်(၈)လမ်း၊ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၆၄၅၅၅၀၉၉၊ ၀၉-၂၅၃၀၂၅၀၆၉**
**yethaw1979@gmail.com,lawyerthaintthaint@gmail.com**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/82377 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၉/ခမန(နိုင်)၁၈၉၇၇၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/16496 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလှိုင် ၉/မခန(နိုင်)၀၅၀၆၇၃ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ သတင်းအညွှန်း**

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**

ပြည်တွင်းသတင်း စာ - ၁၁



**အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းထန်သော ငလျင်လှုပ်မှုဖြစ်ပွားပြီး လူ ၁၀၀၀ ကျော် သေဆုံး၊ ၁၅၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရ**

နိုင်ငံတကာသတင်း စာ - ၁၃

**ဇွန် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ - ၁၅

## အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေး နောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသားကျောင်းသူ၊ ဆရာ၊ မိဘများကို

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍



မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြို့နယ်ပညာရေးမှူးရုံးအတွင်း၌ တွေ့ရှိရသော လက်လုပ်မိုင်း နှစ်လုံး။

## မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်ပြည်သူ့ဆေးရုံကြီးအား Drone ယာဉ်ဖြင့် လက်လုပ်ဗုံးချိတ်ဆွဲပစ်ချတိုက်ခိုက်

နေပြည်တော် ဇွန် ၂၂

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မြို့နယ်အချို့၌ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများကိုပါ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် Drone ယာဉ်များအသုံးပြု၍ လက်လုပ်ဗုံး ချိတ်ဆွဲပစ်ချတိုက်ခိုက်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ဇွန် ၂၁ ရက်

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

## ရောဝတီမြစ်ရေ ရွှေကူမြို့တွင် ပြန်လည်ကျဆင်း

နေပြည်တော် ဇွန် ၂၂

ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ ဇွန် ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိခဲ့သည်။ အဆိုပါ မြစ်ရေသည် ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။

မိုး/ဇလ